# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၄၈)


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၆

တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် (၇၄) ကြိမ်မြောက် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အဝေယာကုန်းသာယာကွင်း၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ နေ့/ညမီးပုံးပျံပြိုင်ပွဲများ၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ ဈေးပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲတော်များ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။





တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပဉ္စမနေ့တွင် နေ့လွှတ်အရုပ်မီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ် ခရစ်နှစ်သက္ကရာဇ် ၁၉၄၁ ခုနှစ် တန်ဆောင်မုန်းလတွင် ကုန်းသာကျောင်းဆရာတော်မှဦးစီး၍ အချင်းပေ ၅၀ ခန့်ရှိသည့် မီးပုံးပျံကြီးကို ပြုလုပ်လွှတ်တင်ခြင်းမှ စတင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ပထမဆုံး မီးပုံးပျံပြိုင်ပွဲအဖြစ် ဆုများရွေးချယ်ချီးမြှင့်ကာ ပြိုင်ပွဲအသွင်ဖြင့် နှစ်စဉ်ကျင်းပလာခဲ့ကြောင်း သိရသည်။

ထိုသို့ ကျင်းပလျက်ရှိရာတွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တာ ကာလအတွင်း စိန်နားပန်မီးပုံးပျံ ၁၆ လုံး၊ ညမီးကြီး မီးပုံးပျံ ၁၇ လုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၁၃၉ လုံး စုစုပေါင်း မီးပုံးပျံ ၁၇၂ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်ခဲ့ပြီး ကျန်ရှိသည့် စိန်နားပန်မီးပုံးပျံ ခြောက်လုံး၊ ညမီးကြီး မီးပုံးပျံ ကိုးလုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ အလုံး ၇၀ စုစုပေါင်း မီးပုံးပျံ ၈၅ လုံးကို နိုဝင်ဘာ ၁၇ ရက်အထိ လွှတ်တင်ပူဇော် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ယနေ့ ဖတ်စရာ





### အင်ဒိုနီးရှားနိုင်ငံက ထွန်းသစ်စစီးပွားရေးထိပ်သီးနိုင်ငံများအဖွဲ့ (BRICS)၏ မိတ်ဖက်နိုင်ငံဖြစ်လာ


နိုင်ငံတကာသတင်း | စာ ၁၃



### နိုင်ငံ့ဂုဏ်နှင့် အားကစားအဆင့်အတန်း မြင့်မားစေနိုင်သည့် အမျိုးသားအားကစား စွမ်းပကားများ




ဆောင်းပါး | စာ ၁၆


### အေးမြတဲ့ ဆောင်းရာသီမှာ ကလောမြို့ကို သွားလည်ကြမယ်


ရွှေနိုင်ငံမြင်ကွင်းကျယ် | စာ ၁၈

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံညောင်ဦးရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်



**နေပြည်တော် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ပုဂံ-ညောင်ဦးသို့ လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နေပြည်တော်လေဆိပ်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**ဖူးမြော်ကြည်ညို**

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦး လေဆိပ်သို့ရောက်ရှိရာ လေဆိပ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရားနှင့် အာနန္ဒာဘုရားများသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ (ယာပုံ) အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်လေ့လာကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြခန်းတာဝန်ခံတို့က ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov တို့ကို Aureum Palace Hotel တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ဟိုတယ်အတွင်း၌ ပုဂံဒေသထွက်ကုန် ဖြစ်သည့် ပုံးရည်ကြီး ထုတ်လုပ်ပုံအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသကာ ပုံးရည်ကြီးများ လက်ဆောင်ပေးအပ်သည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ဦးဘငြိမ်း ယွန်းထည်ဆိုင်သို့ သွားရောက်ပြီး ယွန်းထည် အဆင့်ဆင့်ပြုလုပ်နေမှုကို ကြည့်ရှုလေ့လာကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ညနေပိုင်းတွင် ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းတန်ခိုးကြီးဘုရားများအား ဖူးမြော်လေ့လာစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။

## တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကျက်သရေဆောင် ရှေးဟောင်း သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ယမန်နေ့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဘုရားရင်ပြင်တော်၌ ကျင်းပရာ ဒေသခံပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထိုသို့ကျင်းပရာတွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုး၊ ဂေါပက အဖွဲ့ဝင်များနှင့် တောင်ငူမြို့သူမြို့သားများက သာမညဖလ အခါတော်နေ့ အထိမ်းအမှတ်အဖြစ် မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း၊ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ တန်ဆောင်တိုင်ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်း၊ တောင်ငူမြို့ PCEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ပြသထားသည့် တန်ဆောင်တိုင်အထိမ်းအမှတ် ပန်းချီလက်ရာများကို ကြည့်ရှုခြင်းနှင့် ဒေသခံအဆိုတော်များ၏ ကပြသီဆိုဖျော်ဖြေခြင်းများကို ကြည့်ရှုအားပေးကြကာ တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တန်ဆောင်တိုင်ပွဲတော်များသို့ ဘုရားဖူးလာပြည်သူများ၊ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက် ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**ဖူးမြော်ကြည်ညို**

ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း၌ LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိပြီး ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း ဘုရားဖူးလာပြည်သူများအနေဖြင့် ဖူးမြော်ကြည်ညိုလေ့လာကြသည်။



မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာတန်ဆောင်တိုင်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမှုကို တွေ့ရစဉ်။

**စည်ကားလျက်ရှိ**

ထို့အတူ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး နေရာများ၌လည်း မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**ဈေးနှုန်းချိုသာစွာ ရောင်းချပေး**

ထို့ပြင် ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာ အစားအစာအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများသည် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များကို ဝယ်ယူအားပေးကြရာ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရသည်။

**လာရောက်ကြည့်ရှု**

အလားတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာ လှည်းယဉ်ကြော့၊ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့တွင် တပ်ကုန်းမြို့ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

ထို့အတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးပြီး မြန်မာ့ရိုးရာ တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် MSME ဈေးရောင်းပွဲတော်ကို ယမန်နေ့ညပိုင်းက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘုရားလမ်းနှင့် ယာဉ်ရပ်နားကွင်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ လာရောက်လည်ပတ်ကြည့်ရှုသူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ကျင်းပသည့် ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် ဒုတိယနေ့ဖြစ်သည့် တန်ဆောင်မုန်းနေ့လပြည့်နေ့ ညပိုင်းတွင် ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားခဲ့ပြီး ဂီတပွဲတော်တွင် နာမည်ကျော်တေးသံရှင်များ ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြကာ တိုင်းရင်းသားရိုးရာအကအလှများဖြင့် ပါဝင်တင်ဆက်ကပြခဲ့ကြသည့်အပြင် ညပိုင်း၌ ရောင်စုံမီးရှူးမီးပန်းများနှင့် မီးပုံးပျံများကို လွှတ်တင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်ကုန်းမြို့နယ် မြန်မာ့ရိုးရာလှည်းယဉ်ကြော့၊ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် လောကတိဏ္ဏာဗုဒ္ဓရက္ခိတကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။**

ထို့နောက် လောကတိဏ္ဏာစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကာ အများပြည်သူ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေး၊ စေတီတော်အတွင်းအပြင် သန့်ရှင်းရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ပုံ့ချီကျေးရွာ အဝင်လမ်းအား ကျောက်ရောမြေ (ရိုစာ) ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ ရွှေလိပ်ပြာဆီစက် လည်ပတ်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ စားသုံးဆီများအား ပြည်ပမှတင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မြေယာရှုခင်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း **(အောက်ပုံ)**၊ ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး ကျောက်စီရေမြောင်းများ ဆောင်ရွက်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၆**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



## တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ မေတ္တာပေါင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းသို့သွားရောက်ပြီး မေတ္တာပေါင်းကူးတံတားဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ သဲဖြူမဟာမြိုင်တောရဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာဇောတ၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များက တံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး သဲဖြူမဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တ ပညာဇောတနှင့် တာဝန်ရှိသူများက တံတားကမ္ဗည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တံတားအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် သဲဖြူမဟာမြိုင်တောရဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာဇောတက သာဓုအနုမောဒနာ တရားဟောကြားကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၂၀၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှတင်ပြသော ကျန်ရှိလမ်းပေ ၁၀၀၀ ကို လာမည့်ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းမှာကြားသည်။

ယင်းနောက် ချောင်းကောက်ကျေးရွာ အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းသို့သွားရောက်ပြီး မကွေးတိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်မှ တက်ရောက်လာသော သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် နှမ်းရိုးသဘာဝမြေဩဇာ အသုံးပြုကြရန်၊ လယ်ယာမြေများသို့ သွားရောက်၍ မြေဩဇာလုပ်နည်း ပြသပေးရန် မှာကြားကာ အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ နှမ်းရိုးအခြေခံ သဘာဝမြေဩဇာပြုလုပ်ရန်အတွက် တစ်နေ့လျှင် တင်း ၅၀၀ ကျ နှမ်းရိုးဖြတ်စက် ဆောင်ရွက်နေမှု၊ မြေပေါ်မြေအောက် ကျင်းများဖြင့် သဘာဝမြေဩဇာ ပြုလုပ်ထားမှု၊ ရှုရှားရွက်ဖျန်း မြေဩဇာအသုံးပြု၍ စိုက်ပျိုးထားသော ၂၈ ရက်သား ရေဆင်းစပ်မျိုး -၁ နေကြာစိုက်ခင်းတို့ကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မကွေးမြို့နယ် ဆူးကောက်စမ်းကျေးရွာသို့ သွားရောက်ပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာ အဝင်လမ်း အရှည် ၁ မိုင် ၄ ဖာလုံ ကျောက်ချောခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညွန်းစံပြရိုး အမျိုးသားဂုဏ်အင် မွမ်းမံဆတိုး အကျိုးတရားစုံလင်

**ပြည်စိုးညိမ်း**

**ငွေစန်းရယ်တဲ့ ပုဏ္ဏမီ။**
**ရွှေကျီးညို တာရာနှင့်**
**ကြတ္တိကာ ယှဉ်ပြိုင်လျှမ်းတယ်**
**ချမ်းစရာသီ။**

**ရေးစာဆို**

အချိန်ကား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက် ညနေဆည်းဆာ။ နေရာကား နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်။ သပ္ပာယ်လှစွာ ပြုံးတော်မူနေသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကြည်ညိုဖွယ်မျက်နှာတော်ကို စိတ်နှလုံးချမ်းမြေ့ကြည်နူးဖွယ် ဖူးမြော်တွေ့မြင်ခွင့်ရနေသည့်မြင်ကွင်းအခြေအနေ။

**တွေ့ဆုံနှုတ်ဆက်**

ရင်ပြင်တော်မှာ တစ်နံတစ်လျားကြီးဖြစ်၏။ ပြန့်ပြူးကျယ်ဝန်းသော ဧရိယာကြီးလည်းဖြစ်၏။ အရှေ့ဘက်ကောင်းကင်၌ ပြည့်ဝိုင်းစပြုနေပြီဖြစ်သော လပြည့်ဝန်းမှာ ရှမ်းရိုးမတောင်တန်းကြီးကို မေးတင်လျက် တရိပ်ရိပ်တက်လာနေသည်။ နေ့တစ်နေ့၏ နိဂုံးနှင့် ညတစ်ည၏နိဒါန်းတို့ တွေ့ဆုံနှုတ်ဆက်ကြတော့မည့် အချိန်လည်းဖြစ်၏။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းဝယ် အရာရာသည် ပကတိအေးငြိမ်းကြည်သာလျက် သန္တရသတို့ဖြင့် ထုံမွမ်းနေသည်လည်းဖြစ်၏။ မုခ်ဦးမှဝင်၍ အနည်းငယ်လျှောက်လှမ်းမိသည်နှင့် ရေကန်တော်ကြီးများ၏ အေးချမ်းခြင်းနိမိတ်နှင့် သုခမ္မာဇရပ်များ၏ လှပတင့်တယ်ခြင်းတို့က ငုံလင့်ဆီးကြို၍နေသည်။ ထိုမှသည် ခမ်းနားလေသမျှ သမိုင်းတန်ဖိုးကြီးမားသော ဗိသုကာလက်ရာမြောက် ကျောက်စာရုံများ၊ မုစလိန္ဒရေအိုင်၊ တံခွန်တိုင်၊ မင်္ဂလာတံတား၊ ဗောဓိပင်၊ အင်ကြင်းပင်၊ လင်းလွန်းပင်တို့နှင့်တကွ ဖြစ်သော ဗုဒ္ဓဥယျာဉ်တော်ကြီးကား ရင်သပ်ရှုမောဖွယ်။

**ကြည်ညိုစွာပါဝင်ဆင်နွှဲ**

ထိုပရိဝုဏ်ကြီးအတွင်း၌ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့် အရောင်အသွေးစုံလင်လှသော ဘုရားဖူးပြည်သူတို့မှာ ထောင်သောင်းမက များလှချေသည်။ ပျားပန်းခပ်မျှဟုဆိုရပါမည်။ ထိုဘုရားဖူးပြည်သူတို့မှာ ရပ်ဝေးမှလာကြသည်ဆိုသော်ငြား ပင်ပန်းနွမ်းနယ်နေဟန်မရှိ။ ပျော်ရွှင်အေးချမ်းခြင်း၊ နှစ်သက်ကြည်နူးခြင်းတို့နှင့်အတူ ရွှင်လန်းလျက်ရှိကြသည်ကို တွေ့ရပါ၏။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးသို့ ကြည်ညိုစွာပါဝင်ဆင်နွှဲနိုင်ရန် အားခဲရောက်ရှိလာကြခြင်းဖြစ်သည်။ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည့် အမျိုးသား ဂုဏ်အင်ပွဲတော်ကြီးတစ်ရပ်အဖြစ် အလေးအမြတ်ပြု လာရောက်ကြခြင်းလည်းဖြစ်သည်။

နောက်ထပ်ထူးခြားချက်တစ်ရပ်မှာ ပြီးခဲ့သည့်နှစ်မှစ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မသိုးသွေ့ကြာသင်္ကန်း ရက်လုပ်ပူဇော်ခြင်းနှင့် မသိုးသွေ့ကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းတို့ကို နိုင်ငံတော်အစိုးရက ဦးဆောင်၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပေးခဲ့ခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ယခုနှစ်တွင်လည်း ကြည်ညိုသဒ္ဓါစိတ်အရင်းခံဖြင့် ရုပ်ပွားတော်မြတ်ကြီး၏ မေတ္တာရိပ်အောက်သို့ စုစည်းရောက်ရှိလာကြခြင်းပင် ဖြစ်ပါ၏။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမှုကို တွေ့ရစဉ်။

**မီးပုံးပျံလွှတ်တင်ပူဇော်**

မကြာမီ ဒုတိယအကြိမ်မြောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ထက်ကောင်းကင်ယံ၌ လပြည့်ဝန်းကြီးသည် ရွှန်းရွှန်းမြမြပေါ်ထွက်လာလေပြီ။ ဘုရားဖူးပြည်သူများကို သူ့ရင်ခွင်အတွင်း ပွေ့ပိုက်ထားသော ရေပန်းရင်ပြင်တော်ကြီးအား ညင်သာစွာ တိုက်ခတ်နေသောလေနုအေးနှင့် တဖိတ်ဖိတ်တောက်ပနေသော ငွေလစန္ဒာ၏ ဘော်ငွေရောင်အသွေးတို့က တန်ဆာဆင်ထားလျက်ရှိနေပါ၏။

မီးပုံးပျံလွှတ်တင် ပြိုင်ပွဲဝင်မည့်သူများ သတ်မှတ်နေရာအသီးသီးသို့ ဝင်ရောက်လာကြသည်။ နတ်သမီးဝတ်စုံ ဆင်မြန်းထားသည့် အမျိုးသမီးငယ်များကလည်း လှပသောဖဲကြိုးများကို ကိုင်ဆောင်၍ နေရာယူထားကြ၏။ နိုင်ငံတော်အကြီးအကဲနှင့် ဇနီးတို့ ဝင်ရောက်လာချိန်တွင် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက မီးကြာခွက်များ ကိုင်၍ ကြိုဆိုနေကြပုံ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုးနှင့် ဒေါ်မိုးအကတို့ဖြင့် ကြိုဆိုနေကြပုံ၊ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်များ တီးမှုတ်၍ ကြိုဆိုနေကြပုံ၊ နိုင်ငံတော်အကြီးအကဲက အပြုံးနှင့် တုံ့ပြန်နှုတ်ဆက်နေပုံမြင်ကွင်းတို့မှာ မင်းနှင့်ပြည်သူ ချစ်ကြည်ဖြူခဲ့ကြသည့် မြန်မာတို့၏ အတိတ်သမိုင်းကြောင်းမှ လွမ်းမောဖွယ် ပုံရိပ်ဟောင်းများကိုပင် ပြန်ပြောင်းအောက်မေ့ဖွယ်ဖြစ်မိရသည်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့က အခမ်းအနားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ လှပသောရောင်စုံမိုးပျံပူဖောင်းများ ထက်ကောင်းကင်ယံသို့ လွင့်ဝဲပျံတက်သွားသည်။ တစ်ချိန်တည်းမှာပင် မီးပုံးပျံငယ် အလုံး ၅၀၀ တို့ကလည်း အထက်သို့ပျံတက်သွားကြသည်။ မီးရှူးမီးပန်းများ ပစ်ဖောက်လိုက်သည်တွင် ညဦးယံ၏ အမှောင်ရိပ်လွှမ်းစကောင်းကင်ပြင်မှာ တောက်ပသောအရောင်တို့ဖြင့် ဝင်းလက်ပြိုးပြက်သွားသည်။ ထိုစဉ် "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးသီချင်းက မြိုင်မြိုင်ဆိုင်ဆိုင်ပင် ပေါ်ထွက်လာသည်။ တေးသီချင်းများဖြင့် ဖျော်ဖြေနေကြခြင်းဖြစ်သည်။

**ရောင်စုံမီးအလင်းတန်းများ ပူဇော်**

နိုင်ငံတော်အကြီးအကဲနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက စိန်နားပန်မီးပုံးပျံနှင့် ညမီးကျည် (ညမီးကြီး) မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထက်အာကာကောင်းကင်နန်း၌ ရောင်စုံမီးရှူးမီးပန်းများ ယှက်ဖြာလင်းလက်လျက်ရှိသည်။ ညမီးကျည်၊ စိန်နားပန်နှင့် မီးပုံးပျံငယ်တို့မှာ မိုးယံ၌ ရောင်စုံလွှမ်းကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ၎င်းတို့၏ ရောင်စုံမီးအလင်းတန်းများနှင့် ညွှတ်တွားပူဇော်နေကြဘိသို့ ရှိလေသည်။

မီးပုံးများလွှတ်တင်ရန် ပြင်ဆင်ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာအကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ကြည်ကြည်နူးနူး၊ ပျော်ပျော်ရွှင်ရွှင် သီဆိုကပြဖျော်ဖြေကြသည်။ ထောင်ပေါင်းများစွာသော ဘုရားဖူးပြည်သူများမှာ ရင်ပြင်တော်တစ်လျှောက်အကအလှများကို ကြည့်ရှုခံစားရင်း၊ တေးသီချင်းသံသာများကို နားဆင်ခံစားရင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရင်းတနှီးပင် ထိတွေ့ဆက်ဆံ၍ မီးပုံးပျံငယ်များကို လွှတ်တင်ပူဇော်ပေးသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော် ကြည်ညိုသည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ ပါဝင်ဆင်နွှဲရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ပေးနေသည့် မြင်ကွင်းပုံရိပ်များမှာ ကျက်သရေအပေါင်းကို ဆောင်လျက်ရှိသည်။ ဘာသာတရား၊ ထုံးဓလေ့နှင့် မိမိတို့၏ အမျိုးသားဂုဏ်အင်အပေါ် ထားရှိသည့် အကြီးအကဲ၏ လေးနက်သော ခံယူချက်မှာ ရဟန်းရှင်လူ၊ ပြည်သူတို့နှင့်အတူ တစ်သားတည်းကျ၍ တစ်ထပ်တည်းဖြစ်ကြောင်း ခိုင်မာသည့် သက်သေပြဆိုချက် မြင်ကွင်းများပင်ဖြစ်သည်။ အကြီးအကဲ၏ အမျိုး၊ ဘာသာ၊ သာသနာကို လေးမြတ်စွာ ဦးထိပ်ပန်ဆင်ဆောင်ရွက်လေ့ရှိသည့် ကမ္ပည်းစာမျက်နှာများဟုပင် ဆိုရပါမည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း LED မီးများဖြင့် အလှဆင်ထားသည်မှာ ရှုမငြီးဖွယ်ဖြစ်သည်။ ခမ်းနားထည်ဝါလှသော ဗိသုကာလက်ရာများကို ပိုမိုပေါ်လွင်စေသည်။ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများကလည်း စီရရီ။ ဒေသထွက် မြန်မာ့ရိုးရာ မုန့်ဆိုင်တန်းကြီးကလည်း တစ်နံတစ်လျား။ ထက်ကောင်းကင်၌ကြည်လင်အေးချမ်းသော စန်းလသော်တာသည် ထိန်ထိန်ဖြာလျက်။ မြန်ပြည်တစ်ဝန်းဘေးမသန်းဘဲ ချမ်းမြပျော်စရာ ချိန်ခါမယွင်းတော့မည့် နိမိတ်ပါပေ။

*စာမျက်နှာ ၇ သို့*




ရုရှား- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် မြတ်ရောင်ခြည်စိန်နားပန် မီးပုံးပျံ လွှတ်တင်မှုကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရှေ့ကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲကြီးကျင်းပသည့် နေ့ပင်ဖြစ်ပါပေ၏။ ဖွင့်ပွဲအခမ်းအနားကြီးကို နိုင်ငံတော်အကြီးအကဲနှင့် ဇနီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေစဉ် မင်္ဂလာငွေခရု သုံးကြိမ်မှုတ်၍ ပူဇော်ကြသည်။

**အပြိုင်အဆိုင်ယှဉ်ပြိုင်**

ထို့နောက် မင်္ဂလာရှေ့မောင်းတော်တီးခတ် အချက်ပေးလိုက်သည်တွင် ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရှေ့ကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ပြိုင်ပွဲဝင်များမှာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရက်ကန်းစင်တော် ၁၅ ဖွဲ့ဖြစ်သည်။ ရက်ကန်းအဖွဲ့များမှ အပြိုင်အဆိုင်ယှဉ်ပြိုင်ရက်လုပ်နေကြချိန်တွင် အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးသီချင်းဖြင့် ပါဝင်အားဖြည့်၍ ပျော်ပျော်ပါးပါးတီးမှုတ်သီဆိုကြသည်။

အခမ်းအနားတက်ရောက်လာကြသူများကလည်း မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက် လွှတ်တင်ပူဇော်ကြသည်။ ထိုမြင်ကွင်းများကိုမြင်ရသည်မှာ စည်းလုံးညီညွတ်မှု၏ စွမ်းအား၊ ချစ်ကြည်ရင်းနှီးမှု၏ စွမ်းအားနှင့်အတူ တကွ ပူးပေါင်းလုပ်ဆောင်သည့်အခါ ထွက်ပေါ်လာသည့် ရလဒ်နှင့် စွမ်းအားတို့ကို လက်တွေ့ကျကျ မျက်ဝါးထင်ထင် သိရှိခံစားရစေပါ၏။ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူအပေါင်းတို့မှာ ပထမနေ့ကထက်ပင် ပို၍များပြားလာကြပုံရသည်။ ဗုဒ္ဓဥယျာဉ်တော်နှင့် ရင်ပြင်တော်တစ်လျှောက်တို့၌ မျှမပေါက်နိုင်အောင် စည်ကားများပြားလှချေသည်။ နိုင်ငံတော်အကြီးအကဲနှင့် ဇနီးတို့မှာ ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားကြည့်ရှု၍ လှည့်လည်အားပေးကြသည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများနှင့်လည်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ အပြုံးချင်းဖလှယ်ကြရုံမျှမက မေတ္တာခေတ်ချင်း ကူးလူးဆက်နွယ်ကြသည့်ပွဲဟုလည်း ဆိုရပါမည်။

ဝတ်အသင်းများက ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်လျက်ရှိသည်။ အသံမစဲ မဟာပဋ္ဌာန်းများလည်း ရွတ်ဖတ်ပူဇော်လျက်ရှိသည်။ မီးရှူးမီးပန်းများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများကိုလည်း လွှတ်တင်ပူဇော်လျက်ရှိသည်။ ရက်ကန်းစင်တော်များကလည်း အပြိုင်အဆိုင် ရက်လုပ်ပူဇော်လျက်ရှိသည်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးမှာ ဘယာမသန်းအောင်လို့ မဟာပဋ္ဌာန်း ဒေသနာတော်နှင့်ပူဇော်ကာ ဦးတော်ညွှတ်သည့်ပွဲဟုဆိုရပါမည်။ ရောင်စုံလှိုင်ထိန်ထိန်ညီးသည့် ဆီမီးမြိုင်သည့်ပွဲဟု ဆိုရပါမည်။ ရက်ကန်းရက်အပြိုင်အဆိုင် ပိုင်နိုင်သည့် လက်အစွမ်းနှင့် ကထိန်လျာ ပေါင်းစုကြိုးစားကြသည့် မသိုးသင်္ကန်း ကပ်လှူပွဲဟု ဆိုရပါမည်။

ပြိုင်ပွဲဝင်ကြသူ၊ အားပေးကြသူများ ခြိမ့်ခြိမ့်သဲစည်ကားလျက် ပျော်ပွဲအစုံစုံ၊ ရွှင်ပွဲအဖုံဖုံတို့ဖြင့် သိုက်မြိုက်စည်ကားလှသည်လည်း ဖြစ်ပါ၏။ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ကုသိုလ်ကောင်းမှုပြုလုပ်ရင်း ပျော်ပွဲများဆင်နွှဲနိုင်ရန် ကျန်းမာရေးဝန်ထမ်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်ပေးထားသည်ကိုလည်း တွေ့ရပါ၏။

**ဖူးမြော်ကြည်ညို**

ရက်လုပ်ပြီးစီးသည့် မသိုးရှေ့ကြာသင်္ကန်းတော်များကို နိုဝင်ဘာလ ၁၅ ရက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ သမ္ဗာဒေဝနတ်ကောင်းနတ်မြတ်များနှင့် ၃၁ ဘုံသားတို့အား မေတ္တာပြု၍ကုသိုလ်အမျှပေးဝေကြသည်။

ပွဲတော်၏ နောက်ဆုံးညဖြစ်သော တန်ဆောင်မုန်းလပြည့်ညကား လှလည်း လှ၍ သာလည်းသာလှပါ၏။ သာမညဖလအခါတော်ကျင်းပသည့် အချိန်အခါလည်းဖြစ်ပါ၏။ ဆောင်းဦးပေါက်လေပြည်သည် နုထွေးညင်သာစွာ တိုက်ခတ်လျက်။ ကောင်းကင်ပြာပြာမှာ မြူတိမ်ကင်းစင်နေ၏။ ဖြူဖြူဖွေးဖွေး ဘော်ငွေရောင်လမင်းကြီးနှင့် ပြာပြာလွင်သော ကောင်းကင်သာရှိ၏။ တိမ်ဆို၍ ကြက်မတစ်ဝပ်စာမျှပင်မရှိ။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများမှာ တစ်ရက်ထက်တစ်ရက် တိုး၍သာများလာပါ၏၊ အပြုံးမျက်နှာကိုယ်စီဝယ် အပြုံးပန်းတို့ တဝေဝေပွင့်လျက်ရှိ၏။ ကြည်နူးခြင်း ပီတိအဟုန်ဖြင့် လန်းရွှင်လျက်ရှိ၏။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရှေ့ကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို လပြည့်နေ့၏ ညဦးပိုင်းတွင် ကျင်းပသည်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး၊ တာဝန်ရှိပုဂ္ဂိုလ်များအပြင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ၊ ဘူရားတီးရား ပြည်နယ်အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များပါ စုံလင်စွာ တက်ရောက်ကြသည်ကို တွေ့ရသည်။ ထူးခြားလေးနက်သော မြန်မာ့ယဉ်ကျေးမှု ပွဲတော်တစ်ရပ်ကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် နှစ်သက်ဝမ်းမြောက်နေပုံမှာ ဧည့်သည်တော်



တောင်ကြီးမြို့၌ ကျင်းပသည့် တန်ဆောင်တိုင်မီးထွန်းပွဲ။

များ၏မျက်နှာတွင် အထင်းသားပေါ်လွင်နေသည်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများကလည်း စည်ကားများပြားစွာ တစ်ခဲနက်လာရောက်ကြည့်ရှုကြသည်။

အကြီးအကဲနှင့်ဇနီးတို့သည် ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ ဆီမီးများထွန်းညှိကြသည်။ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့်နေရာသို့ လာရာလမ်းတစ်လျှောက်တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကြိုဆိုနေကြပုံမှာ ရှုမငြီးနိုင်အောင်ပင်ဖြစ်သည်။ ပွဲတက်ရောက်လာသူများနှင့် ကြိုဆိုကြသူတို့မှာ အပြုံးချင်းဖလှယ်ကာ ရင်းနှီးချစ်ကြည်မှုတို့ အပြန်အလှန်ဖြစ်ထွန်းတိုးပွားလျက်ရှိသည်။

**မီးပုံးရောင်စုံများဖြင့် ချိတ်ဆွဲထားရှိ**

နိုင်ငံတော်အကြီးအကဲနှင့် ဇနီးတို့က မီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်နေမှုများကို ဆက်လက်ကြည့်ရှုအားပေးသည်။ ထူးခြားသော အစီအစဉ်တစ်ရပ်အဖြစ် ရုရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် မြတ်ရောင်ခြည်စိန်နားပန်မီးပုံးပျံလွှတ်တင်ခြင်းပင်ဖြစ်သည်။ မီးပုံးပျံ၏ ကိုယ်ထည်တွင် ကနုတ်ပန်းခက်များ၊ ကြာပန်းခက်များ အလှဆင်ထားသည့်အပြင် မီးပုံးပျံအောက်ဆွဲတွင် ကြာပန်းပုံနှင့်ဘူရားတီးရားစာသားကို မီးပုံးရောင်စုံများဖြင့် ချိတ်ဆွဲထားရှိလေသည်။

မီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေစဉ် တိုင်းရင်းသားရိုးရာ အကအလှများ၊ ယိမ်းအကအလှများနှင့် တေးသီချင်းများကို မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကပြ ဖျော်ဖြေတင်ဆက်ပေးကြသည်။ ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မသိုးရှေ့ကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲအတွက် ဆုအမျိုးအစား ငါးဆုကို ပေးအပ်ချီးမြှင့်လေသည်။ အဖွဲ့လိုက်အတွက် ပေးအပ်သော ဆုများဖြစ်သည်ကို သတိထားမိပါသည်။ မှန်ပါ၏။ မသိုးရှေ့ကြာသင်္ကန်းရက်လုပ်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်တွင် တစ်ဦးတစ်ယောက်တည်းက ကိုယ့်သဘောကိုယ်ဆောင်ပြီး ပြုလုပ်၍မရပါ။ အဖွဲ့ဝင်အားလုံး၏ စည်းကမ်းကောင်းမွန်မှု၊ စည်းလုံးညီညွတ်မှု၊ ချိတ်ဆက် ဆောင်ရွက်မှုတို့ဖြင့်သာ အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြရသည်ဖြစ်ပါ၏။ ထိုနည်းတူပင် မီးပုံးပျံများ လွှတ်တင်ပူဇော်ရာတွင်လည်း အဖွဲ့သားအချင်းချင်း ရိုင်းပင်းကူညီမှု၊ တိုင်ပင်နှီးနှောမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စိတ်ကူးကြံဆမှု၊ စည်းကမ်းလိုက်နာမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို အခြေခံ၍ ဆောင်ရွက်ကြရသည်ဖြစ်ပါ၏။

ထို့နောက် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပါသည်။ ဆုများချီးမြှင့်ခြင်း၊ ဆုလက်ခံရယူခြင်း ပြုလုပ်သည့်အခါ ထောင်သောင်းမက များလှစွာသော ရဟန်းရှင်လူ၊ ဘုရားဖူးပြည်သူတို့၏ ဂုဏ်ပြုလက်ခုပ်သြဘာသံများမှာ ထိလုမိုးယံဘဝဂ်လျှံမျှ သောင်းသောင်းညံလျက်ရှိနေပါသည်။ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ဂုဏ်ပြုသည့် မင်္ဂလာရှိသော အခမ်းအနားတစ်ရပ်ပင် ဖြစ်ပါပေသည်။

အလားတူပင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၍ တန်ဆောင်တိုင် မီးထွန်းပွဲတော်များ မီးပုံးပျံလွှတ်တင်ခြင်းများအား ပျော်ရွှင်စွာ ကျင်းပဆင်နွှဲနေကြသည်ကို တွေ့ရသည်။ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည့်အပြင် စတုဒိသာအာဟာရကျွေးမွေးကုသိုလ်ပြုကြခြင်းများဖြင့် မြန်မာတို့၏ သဒ္ဓါတရား ထက်သန်မှုစိတ်ရင်းအား ပုံဖော်နိုင်ခဲ့ကြသည်ကိုလည်း တွေ့ရပါ၏။

နိုင်ငံတိုင်း၊ လူမျိုးတိုင်း၌ အစဉ်အဆက်လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ထုံးဓလေ့အစဉ်အလာများ ရှိကြသည်သာဖြစ်၏။ ထိုအမွေအနှစ်များတွင် ဒြပ်ရှိ ယဉ်ကျေးမှုများလည်းပါ၏။ ဒြပ်မဲ့ ယဉ်ကျေးမှုများလည်းပါ၏။ မည်သို့ပင်ဖြစ်စေ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများအဖြစ်၊ အမျိုးသားဂုဏ်အင်များအဖြစ် အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်ကြသည်သာ ဖြစ်၏။ ထိုအခြင်းအရာတို့မှာ ကောင်းမြတ်မှန်ကန်သည်လည်းဖြစ်၏။ မိမိတို့၏ ဇာတိနှင့်အစဉ်အလာ၊ မျိုးနွယ်နှင့် ယဉ်ကျေးမှုကို မိမိတို့ကိုယ်တိုင်က အထွတ်အမြတ်ပြု၍ အလေးအနက်ထားခြင်းသည် မင်္ဂလာထိုက်သော အမှုကိစ္စဖြစ်၏။

**အံ့ချီးဂုဏ်ယူဖွယ်ရာပင်ဖြစ်**

ယခုမူကား ထိုမျှမကပါလေ။ မိမိတို့၏ စံကိန်းအညွှန်းတစ်ရပ်ဖြစ်သော အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ရုံမျှမက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မသိုးရှေ့ကြာသင်္ကန်း ရက်လုပ်ပူဇော်ခြင်းနှင့် မသိုးရှေ့ကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကဲ့သို့သော အမျိုးသားဂုဏ်အင်ပွဲတော်ကြီးများကိုပါ မွမ်းမံဆတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်မှာ အံ့ချီးဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို ပြသနိုင်ခြင်း၊ ဂုဏ်ယူမြတ်နိုးဖွယ် ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခြင်း၊ ဘာသာရေးအသိအမြင်များ တိုးပွားစေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေခြင်း၊ ငြိမ်းအေးသာယာမှုဖြစ်စေရန် ဆောင်ကြဉ်းပေးနိုင်ခြင်း စသည်ဖြင့် ပွဲတော်ကြီးမှပေးသော အကျိုးတရားတို့မှာ စုံလင်များပြားလှပါသည်။ သို့ဖြစ်ရကား တန်ဆောင်မုန်းလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မသိုးရှေ့ကြာသင်္ကန်း ရက်လုပ်ပူဇော်ခြင်းနှင့် မသိုးရှေ့ကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းပွဲတော်ကြီးမှာ **"ညွှန်းစံပြရိုးအမျိုးသားဂုဏ်အင် မွမ်းမံဆတိုး အကျိုးတရားစုံလင်"** ပါပေသည်ဟု လှိုက်လှဲသော စိတ်နှလုံးဖြင့် ထောမနာပြုကျူးရင့်လိုက်ရပါသည်။ ။

❒ **နိုင်ငံတိုင်း၊ လူမျိုးတိုင်း၌ အစဉ်အဆက်လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ထုံးဓလေ့အစဉ်အလာများ ရှိကြသည်သာ ဖြစ်၏။ ထိုအမွေအနှစ်များတွင် ဒြပ်ရှိ ယဉ်ကျေးမှုများလည်းပါ၏။ ဒြပ်မဲ့ယဉ်ကျေးမှုများလည်းပါ၏။ မည်သို့ပင်ဖြစ်စေ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများအဖြစ်၊ အမျိုးသားဂုဏ်အင်များအဖြစ် အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက်ကြသည်သာဖြစ်၏။ ထိုအခြင်းအရာတို့မှာ ကောင်းမြတ်မှန်ကန်သည်လည်းဖြစ်၏။ မိမိတို့၏ ဇာတိနှင့်အစဉ်အလာ၊ မျိုးနွယ်နှင့်ယဉ်ကျေးမှုကို မိမိတို့ကိုယ်တိုင်က အထွတ်အမြတ်ပြု၍ အလေးအနက်ထားခြင်းသည် မင်္ဂလာထိုက်သော အမှုကိစ္စဖြစ်**

# ပဲခူးမြို့ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၆**

ပဲခူးမြို့ ရွှေမော်ဓောဘုရား ယာဉ်ရပ်နားကွင်း၌ နိုဝင်ဘာ ၁၅ ရက် ညပိုင်းက တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ (နောက်ဆုံးနေ့) နှင့် နိုင်ငံကျော်အဆိုတော်များဖြင့် တေးဂီတဖျော်ဖြေပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပဲခူးမြို့ရပ်ကွက်များမှ ဒေသခံပြည်သူများ၊ တိုင်းရင်းသားများက ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ရွှေမော်ဓောဘုရားလမ်းအတိုင်း မီးစကြာဖြင့် လှည့်လည်ပူဇော်ခြင်း၊ မီးပုံးပျံအကြီးနှင့် မီးပုံးပျံအသေးများ လွှတ်တင်ပူဇော်ခြင်းတို့ကို ပြုလုပ်ခဲ့ရာ ပဲခူးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် အဆိုတော်များ၏ တေးဂီတဖျော်ဖြေတင်ဆက်ခြင်းနှင့် တန်ဆောင်တိုင်ကာလအတွင်း မြို့နယ်များမှ လာရောက်ပြသသည့် ဒေသထွက်ကုန် MSMEs ဈေးရောင်းပွဲတော်ကို အများပြည်သူလူထုက စိတ်ဝင်တစားလာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး လူသုံးကုန်၊ စားသုံးကုန်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

**မီးပုံးပျံလွှတ်တင်ပူဇော်နိုင်**

တန်ဆောင်တိုင်ပွဲတော်ကာလ နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် နေ့အရုပ် ၂၂ လုံး၊ အထိမ်းအမှတ်ရုပ်ပုံပါ စိန်နားပန်မီးပုံးပျံအကြီး ၁၁ လုံးနှင့် မီးပုံးပျံအသေးအလုံး ၃၈၅၀ တို့ကို အလှည့်ကျစည်ကားသိုက်မြိုက်စွာ လွှတ်တင်ပူဇော်နိုင်ခဲ့ပြီး ဒေသခံ



ပြည်သူများ၏ စည်းကမ်းရှိမှု၊ တည်ငြိမ်အေးချမ်းခြင်းကိုလိုလားမှုနှင့် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့မှုကြောင့် ပဲခူးတန်ဆောင်တိုင်ပွဲ မီးပုံးပျံပွဲတော်သည် အေးချမ်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြစ်ကြီးနားမြို့၌ တန်ဆောင်တိုင်ပွဲတော်အား တိုင်းရင်းသားမျိုးနွယ်စု အကအလှများ၊ တေးဂီတအစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပပြုလုပ်

**မြစ်ကြီးနား နိုဝင်ဘာ ၁၆**

တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၌ ဌာနေတိုင်းရင်းသားပြည်သူများနှင့်အတူ နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းက အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ တန်ဆောင်တိုင်ပွဲတော်ကို မြစ်ကြီးနားမြို့ ရောရပ်ကွက်၊ ဧရာဝတီမြစ်ကမ်းဘေးရှိ ရှေးဟောင်းသမိုင်းဝင်လောကမာန်အောင်ဆုတောင်းပြည့်စေတီတော်ရှေ့၌ ဖွင့်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းတို့က ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တန်ဆောင်တိုင်ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဧရာဝတီမြစ်ဆိပ် သဲသောင်ခုံပေါ်၌ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မြစ်လယ်ရှိ ရှင်ဥပဂုတ္တဖောင်တော်အား ဆီမီး ၂၀၀၀၀ ထွန်းညှိပူဇော်၍ ရေမျှောပူဇော်ခဲ့ကြမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ဧရာဝတီမြစ်အတွင်းသို့ ဆီမီးထွန်းညှိ၍ ရေမျှောပူဇော် ကြည်ညိုခဲ့ကြပြီး**(အပေါ်ပုံ)** ယခင်နှစ်များနှင့်မတူ စည်ကားသိုက်မြိုက်စွာ၊ ပျော်ရွှင်အေးချမ်းစွာ ကျင်းပခဲ့သည်။

ထို့နောက် တန်ဆောင်တိုင်ပွဲတော်ကို ရုံးကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ဧရာဝတီမြစ်ဆိပ်၌ ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆီမီးထွန်းညှိရေမျှောပူဇော်ခြင်းနှင့် မီးပုံးပျံများကို လွှတ်တင်ပူဇော်ခဲ့ကြသည်။

ယင်းနောက် တန်ဆောင်တိုင်ပွဲတော်ကို ဒေသခံ ဌာနေ တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားတို့ ရိုးရာအကအလှများ၊ တေးသီချင်းသရုပ်ဖော်အကအလှများ၊ တိုင်းရင်းသားတေးသံရှင်များ၏ သီဆိုဖျော်မှုများကို ကြည့်ရှုအားပေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားမျိုးနွယ်စု အကအဖွဲ့များနှင့် တေးသံရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မြစ်ကြီးနားမြို့ ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုသူများနှင့် ယခင်နှစ်များနှင့်မတူ အထူးစည်ကားလျက်ရှိသည့်အပြင် မင်းရပ်ရပ်ကွက် ပြည်သူ့ရင်ပြင်၌ ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် အများပြည်သူ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် တန်ဆောင်တိုင်ပွဲအထိမ်းအမှတ် စင်တင်တေးဂီတအစီအစဉ်ဖြင့် ဒေသခံတိုင်းရင်းသားအဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများ လာရောက်ကြည့်ရှုအားပေးသူများအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် အေးချမ်းပျော်ရွှင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

# ကယားပြည်နယ် လွိုင်ကော်မြို့၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (ပထမအကြိမ်) နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (ပထမအကြိမ်) နိဗ္ဗာန်ဈေးပွဲတော်ကို လွိုင်ကော်မြို့ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးနှင့် ပြည်နယ်ခန်းမ၌ ယမန်နေ့ ညနေ ၅ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို လွိုင်ကော်မြို့ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီး၌ ဗုဒ္ဓဘာသာဝင်ပြည်သူများက ဆီမီးရောင်စုံထွန်းညှိပူဇော်ခြင်း၊ စေတီတော်ရှိ ရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဒေသခံပြည်သူများက မီးပုံးပျံများ လွှတ်တင်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် (ပထမအကြိမ်) နိဗ္ဗာန်ဈေးပွဲတော်ကို ပြည်နယ်ခန်းမ ပရဝဏ်အတွင်း ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအလိုက် နိဗ္ဗာန်ဈေး ၁၈ ဖွဲ့က အုန်းနို့ခေါက်ဆွဲ၊ မုန့်လက်ဆောင်း၊ ကြာဆံကြော်၊ တိုဟူးသုပ်၊ မာလာဟင်း၊ ကယားဟင်းထုပ်၊ ကောက်ညှင်းပေါင်း၊ သာဂူကျို၊ ရခိုင်မုန့်တီ၊ ရေမုန့်၊ မုန့်ဟင်းခါး၊ မုန့်လင်မယား၊ ဆီထမင်း၊ ခေါက်ဆွဲကြော်၊ ကြာဆံဟင်းခါး၊ ရွှေချီ၊ အကြော်စုံနှင့် ဖာလူဒါစသည့် စားသောက်ဖွယ်ရာများကို ပြည်သူများသို့ ကုသိုလ်ဒါနပြုကြသည်။

အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။ တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်အားပေးကြသူ ပြည်သူများအား ည ၇ နာရီမှစ၍ ပြည်နယ်ခန်းမအတွင်း တေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ခဲ့ကြရာ လာရောက် ကြည့်ရှုသူများဖြင့် စည်ကားခဲ့ပြီး တန်ဆောင်မုန်းလပြည့်နေ့၌ လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာတောင်ကွဲစေတီတော်မြတ်ကြီး၊ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးနှင့် ရွှေလက်ဝါးစေတီတော်မြတ်ကြီး၊ သစ်တစ်ပင်တောင်စေတီတော်တို့၌လည်း ဘုရားဖူးသူများ၊ ဆီမီးထွန်းညှိပူဇော်သူများ၊ ဥပုသ်သီလ စောင့်တည်ကြသူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

**မိုး/ဇလ**

# ကော့သောင်းမြို့၌ (၅၂)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယဘုရား လှည့်လည်ပူဇော်ပွဲ ခြိမ့်ခြိမ့်သဲကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၁၆**

ကော့သောင်းမြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလပြည့်ည နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယဘုရား ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက် တန်ဆောင်မုန်းလပြည့်နေ့ မွန်းလွဲ ၃ နာရီခန့်က စုရပ်ဖြစ်သည့် (၇)မိုင်၊ရွှေပြည်စိုးကျေးရွာမှ စတင်ကာ ကော့သောင်းမြို့တွင်းသို့ ဒေသစာရီလှည့်လည်ပူဇော်ပွဲကျင်းပသည်။

ကော့သောင်းမြို့တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်လှည့်လည်ပူဇော်ပွဲသည် နှစ်ဆယ့်ရှစ်ဆူသောဘုရားဆင်းတုတော်များကိန်းဝပ်စံပယ်တော်မူရာစံကျောင်းတော်ဖြစ်သည့် ကော့သောင်းမြို့ ပြည်တော်အေးသာသနာ့ဗိမာန်တော်မှ တန်ဆောင်မုန်းလဆန်းပိုင်းမှ စတင်ကာ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများ၊ အသင်းအဖွဲ့များက ပွင့်စဉ်အလိုက် မဲစနစ်ဖြင့် ပင့်ဆောင်၍ မိမိတို့ ရပ်ကွက်/ကျေးရွာများတွင် သီတင်းနှစ်ပတ်မျှ ယာယီကိန်းဝပ်စံပယ် အပူဇော်ခံကာ ဗုဒ္ဓပူဇနိယပွဲတော်ကို ဆင်ယင်ကျင်းပကြပြီး တန်ဆောင်မုန်းလပြည့်ညတွင် ပွင့်စဉ်အလိုက် စီတန်းကာ မင်္ဂလာစည်တော်အကဖွဲ့များ၊ ဥပါသကာအဖွဲ့များဖြင့် မြို့တွင်းသို့ ဒေသစာရီလှည့်လည် အပူဇော်ခံကြရာ ရပ်ကွက်အလိုက် ပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများလှူဒါန်းခြင်း၊ စတုဒိသာများဖြင့် တည်ခင်းကျွေးမွေးလှူဒါန်းခြင်းများဖြင့် တန်ဆောင်မုန်းလပြည့်ညသည် တစ်မြို့လုံးအုန်းအုန်းကျွက်ကျွက်ဖြင့် ကြက်ပျံမကျ စည်ကားလှသည်။

အဆိုပါနှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်သည် ကော့သောင်းမြို့၏ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်ပြီး ယခုနှစ်သည် (၅၂) ကြိမ်မြောက်



ကျင်းပခြင်းဖြစ်ကာ နှစ်ဆယ့်ရှစ်ဆူသော ဘုရားဆင်းတုတော်များ ကိန်းဝပ်စံပယ်တော်မူသည့် ပြည်တော်အေးစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့်နေ့မှစတင်ကာ လပြည့်ကျော် ၈ ရက်အထိ ဘုရားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ညောင်တုန်းမြို့၌ (၅၁)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီအပူဇော်ခံလှည့်လည်

**ညောင်တုန်း နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီအပူဇော်ခံပွဲကို နိုဝင်ဘာ ၁၅ ရက် တန်ဆောင်မုန်းလပြည့်နေ့မှ စတင်ကာ ဒေသစာရီကြွချီအပူဇော်ခံ လှည့်လည်ခဲ့သည်။ **(အောက်ပုံ)**

မဟာဝိသုတာရာမ တိုက်သစ်ကျောင်းတိုက် ဘုရားဂန္ဓကုဋိတိုက်အတွင်း အပူဇော်ခံထားရှိသည့် နှိပ်ကျိပ်ရှစ်ဆူဘုရားများကို ရပ်ကွက်အသီးသီးမှ သက်ကြီးရွယ်ကြီးပုဂ္ဂိုလ်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်လူငယ်များ၊ ယောဂီဝတ်ရွတ်အဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက် (၁၀) ရပ်ကွက်သို့ မဲကျရာဘုရားအဆူများကို အလှပန်းရထားယာဉ်များဖြင့် ပင့်ဆောင်ကြသည်။ နိုဝင်ဘာ ၁၅ ရက် တန်ဆောင်မုန်းလပြည့်နေ့(ပထမည)တွင် မြို့၏အရှေ့ပိုင်းနှင့် နိုဝင်ဘာ ၁၆ ရက်နေ့(ဒုတိယည)တွင် မြို့အနောက်ပိုင်းရပ်ကွက်များသို့ နှစ်ကျိပ်ရှစ်ဆူဘုရားများအား ရပ်ကွက်အသီးသီးမှ အုပ်ချုပ်ရေးမှူးများ၊ ဘာသာရေးအဖွဲ့ဝင်များ၊ ဝတ်ရွတ်ပူဇော်သူများ၊ ဆင်အကအဖွဲ့များ၊ ဆီမီးရောင်စုံ အက/အလှ၊ တေးဂီတစုံလင်စွာဖြင့် ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် အမှတ်(၉)ရပ်ကွက်က ရှေ့ဆုံးမှ စတင်ကာ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁၀) ရပ်ကွက်၊ အမှတ်(၈) ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ အမှတ်(၁) ရပ်ကွက်များက မဲကျရာအစီအစဉ်အတိုင်း လှည့်လည်ပူဇော်ကြသည်။

**ထွန်းကျော် (ညောင်တုန်း)**



# မြိတ်မြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီ လှည့်လည်ပူဇော်ပွဲ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**မြိတ် နိုဝင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို ဗုဒ္ဓဘာသာအသင်းကြီးမှ ကြီးမှူး၍ ကန်ဖျားရပ်ကွက် ဘုရားငါးဆူကွင်း၌ ခြောက်ရက်တိုင်တိုင်ကျင်းပခဲ့ပြီး နိုဝင်ဘာ ၁၅ ရက် ညနေ ၅ နာရီတွင် ဘုရားငါးဆူကွင်းမှစတင်ကာ ဒေသစာရီ လှည့်လည်ပူဇော်ပွဲ ကျင်းပရာ လမ်းတစ်လျှောက် ဘုရားဖူးပြည်သူများဖြင့် မြိတ်မြို့၏ တန်ဆောင်မုန်းလပြည့်ညသည် စည်ကားခဲ့သည်။**(အပေါ်ပုံ)**

မြိတ်မြို့တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် (၉၄)ကြိမ်မြောက် ဘုရားပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကာ ပွဲတော်ရက်များအတွင်း ဘုရားဖူးပြည်သူများအား ညစဉ်စတုဒိတာကျွေးမွေးခြင်း၊ ဇာတ်သဘင်နှင့် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပခဲ့သည်။ တန်ဆောင်မုန်းလပြည့်ည နိုဝင်ဘာ ၁၅ ရက်တွင် ဘုရားငါးဆူကွင်း ယာယီစံကျောင်းတော်မှ မြို့တွင်းလှည့်လည် ပူဇော်ပွဲကို ဗုဒ္ဓဘာသာအသင်းကြီးမှ ဦးဆောင်ကာ ပြာသာဒ်မော်တော်ယာဉ်များဖြင့် မီးအလှဆင်ပြီး ဘုရားပွင့်စဉ်များအလိုက် ရပ်ကွက်အသီးသီးသို့ သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်ပူဇော်ခဲ့ကြသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားများ မြို့တွင်းလှည့်လည်ပူဇော်ရာ လမ်းတစ်လျှောက်၌ ဘုရားဖူးပြည်သူများက ဆီမီး၊ အမွှေးနံ့သာတိုင် ထွန်းညှိပူဇော်ခြင်း၊ ရောင်စုံမီးများ ထွန်းညှိပူဇော်ခြင်း၊ အလှူငွေများ လှူဒါန်းခြင်းဖြင့် ကုသိုလ်ပြုလှူဒါန်းပူဇော်ခဲ့ကြသည်။ ထို့အတူ ဘုရားလှည့်လည်ပူဇော်ရာ လမ်းတစ်လျှောက်တွင်လည်း စေတနာရှင်အလှူရှင်များ၊ အသင်းအဖွဲ့များ၊ သူငယ်ချင်းမိတ်ဆွေများ စုပေါင်းကာ စတုဒိတာများ ကျွေးမွေးခြင်း၊ ဓမ္မတေးများ သီဆိုဖွင့်လှစ်ကြိုဆို ကုသိုလ်ယူကြသည်။

ရာသီအလိုက် အထင်ကရပွဲတော်များ၌ တစ်ခုအပါအဝင်ဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲတော်သည် မြိတ်မြို့၏ တန်ဆောင်မုန်းလတွင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပသည့် ဗုဒ္ဓပူဇာသဘင်ဖြစ်ကာ နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည်ပူဇော်ရာတွင် မင်္ဂလာစည်တော်ယိမ်း၊ ဥပသကာ၊ ဥပါသိကာများဖြင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားများကို ပြာသာဒ်မော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ ဒေသစာရီလှည့်လည်ပူဇော်ခဲ့ရာ မြိတ်မြို့၏ တန်ဆောင်မုန်းလပြည့်ညသည် ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# နိုင်ငံ့အရေး အမျိုးသားရေးကို မျိုးချစ်စိတ်အရင်းခံ၍သာလျှင် . . . .

**မိုးကေနိုင်**

**“ ကိုယ့်ပညာ၊ ကိုယ့်ဘာသာစကား ချစ်မြတ်နိုးသည့်စိတ်ဓာတ်က အမျိုးသားရေးအခြေခံသည့် မျိုးချစ်စိတ်ကို ရှင်သန်စေခဲ့သည်။ ထိုမှတစ်ဆင့် ကိုယ့်နိုင်ငံကိုချစ်သည့် နိုင်ငံချစ်စိတ်၊ ထိုမှသည် နယ်ချဲ့လက်အောက်မှ လုံးဝလွတ်မြောက်လိုသည့်တိုက်ပွဲဝင်စိတ်ဓာတ်များ၊ ပြည်ထောင်စုစိတ်ဓာတ်များကို တစ်ပြည်လုံးအနှံ့ တိုးတက်ပျံ့နှံ့သွားစေခဲ့သည်ဟု ဆိုရမည်။ မတရားအဖိနှိပ်ခံရပြီး တိုင်းတစ်ပါး လက်အောက်ရောက် ပြည်သူအားလုံး လွတ်မြောက်ရေးအတွက် ထိုခေတ်ထိုအခါက ဦးဆောင်သူများ၏လွတ်လပ်ရေးလှုပ်ရှားမှုများသည် တရားသောလုပ်ရပ်များဖြစ်ခဲ့သည့်အတွက်သာ ဓမ္မက အဓမ္မကို အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်ကိုမူ ပညာမျက်စိဖြင့် ကြည့်တတ်ဖို့ လိုပါမည်။ အဓိကအချက်က စစ်မှန်သောမျိုးချစ်စိတ်သာလျှင် အရင်းခံဖြစ်သည်ဆိုသည့်အကြောင်းရင်းကို လက်ခံနိုင်စွမ်းရှိရပါမည် ”**

မြန်မာတစ်မျိုးသားလုံး ကိုလိုနီလက်အောက်၊ ကျွန်သပေါက်ဘဝ ရောက်နေချိန် ၁၉၂၀ ပြည့်နှစ်တွင် စတင်သန္ဓေတည်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ရှင်သန်ခဲ့သည့် မျိုးချစ်စိတ်ဓာတ်နှင့်အမျိုးသားရေးဇာတိမာန်... လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်မီးတောက်ချိန်ကာလများ၊ အချုပ်အခြာအာဏာကို အသက်ပေးကာကွယ်စောင့်ရှောက်ရသည့်အခြေအနေများ၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် ညီညွတ်ရေးစိတ်ဓာတ်များကိန်းအောင်းနေအောင် ကြိုးပမ်းရသည့်ကာလတစ်လျှောက် အရာအားလုံး၏အရင်းခံတည်ရာသည် အမျိုးသားရေးနှင့် မျိုးချစ်စိတ်ကသာအဓိကဖြစ်ကြောင်း သုံးသပ်ရပါမည်။

**မျိုးချစ်စိတ်သည် အလုပ်မဖြစ်ဟူသည် မမှန်ကြောင်းပြသနေ**

ယနေ့ခေတ်ယနေ့အခါ၌ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးတာဝန်များသည် ပြည်ထောင်စုကြီးအတွက် အလွန့်အလွန်ကို အရေးကြီးနေပါပြီ။ မျိုးချစ်စိတ်ဓာတ်ဟူသည် အသက်အရွယ်အပိုင်းအခြားမရွေး၊ ဘယ်နေရာရောက်ရောက် နိုင်ငံသားတိုင်းသက်ဝင်နေရန် အရေးကြီးပြီး အထူးသဖြင့် လူငယ်အများစုမှာ ပို၍အလေးထားရန် ဖြစ်သည်။ အများစုက မျိုးချစ်စိတ်ဓာတ်သည် အရေးမကြီးတော့၊ အမျိုးသားရေးဆိုတာ အလုပ်မဖြစ်တော့ဟု ယူဆလာနေကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်စံတန်ဖိုးများနှင့် အမျိုးသားရေးလက္ခဏာများ ပုံဖျက်ခံနေရပြီး ဘာသာ သာသနာနှင့် ရိုးရင်းစွဲယဉ်ကျေးမှုစရိုက်ကောင်းများ ချိုးဖျက်ခံနေရသလို ခံစားမိသည်။ အမေကျော်၍ ဒွေးတော်လွမ်းရဲလောက်အောင် ဇာတိမာန်များ ပျောက်ဆုံးနေကြသည်။ နိုင်ငံတစ်နိုင်ငံမှာရှိသင့်သည့်မျိုးချစ်စိတ်မရှိတော့လျှင် ကမ္ဘာ့အလယ်မှာ ရှင်သန်ရပ်တည်ရန် အလွန်ခဲယဉ်းပါသည်။ ငါတို့လူငယ်၊ ငါတို့လူမျိုးတွေ ကမ္ဘာ့သမိုင်းတစ်ပတ်ပြန်လည်နေသည်ကို မသိလောက်အောင်ကို ရိုးလွန်း၊ အလွန်းလျှင် ခေတ်နောက်ပြန် ဆွဲမနေသင့်တော့ပါ။

မကြာသေးမီက ပြီးစီးခဲ့သည့် အမေရိကန်ရွေးကောက်ပွဲ၌ အမျိုးသားရေးအားသန် ဒေါ်နယ်ထရန့်တစ်ယောက် ဘာကြောင့် အနိုင်ရခဲ့ပါသလဲ၊ အမေရိကန်နိုင်ငံကြီးက အမေရိကန်လူမျိုးတို့၏ အကျိုးစီးပွားသာအဓိကဟူသော ကြွေးကြော်သံကို အမေရိကန်လူထုကြီးက နှစ်သက်ကြ၍သာ သမ္မတဟောင်းကြီးကို ပုံအောမဲထည့်ခဲ့ကြခြင်းဖြစ်သည်။ မျိုးချစ်စိတ်ကို အခြေခံထားသည့် Make America Great Again က အလုပ်ဖြစ်ခဲ့ပုံရသည်။ လတ်တလောဥပမာဆိုပေမယ့် ကမ္ဘာကြီးမှာ Liberal democracy မှ Nationalism အခြေခံ democracy သို့ဆီ ရွေ့လျားလာသည့်အခြေအနေများကို သတိမပြုဘဲမနေသင့်ပါ။ လက်ရှိ ရုရှား၊ တရုတ်၊ အိန္ဒိယစသည် နိုင်ငံခေါင်းဆောင်များအားလုံး နိုင်ငံတိုးတက်အောင် ဦးဆောင်မှုပေးနိုင်သော အမျိုးသားရေးခေါင်းဆောင်များဖြစ်ကြသည်။ သူတို့တွေသည် ခေတ်စနစ်တွေ ဘယ်လိုပြောင်းပြောင်း မျိုးချစ်စိတ်နှင့် အမျိုးသားရေးတာဝန်ကိုတော့ ဘယ်တော့မှလျစ်လျူရှုခဲ့ဟန်မတူ။ ယူသင့်တာယူ၊ အတုယူသင့်တာ ယူရမည်ဖြစ်သည်။ အနာဂတ်မှာ အားလုံးက မျိုးချစ်စိတ်အခြေခံသည့် အမျိုးသားအကျိုးစီးပွား အမျိုးသားရေးတည်ဆောက်မှုများဘက်သို့သာ ရွေ့လျားလာတော့မည်လား ခန့်မှန်းနိုင်ပါသည်။

**အမျိုးသားပညာမျိုးစေ့ကနေ လွတ်လပ်ရေးသန္ဓေ တည်နိုင်ခဲ့သည်ကို**

ကိုလိုနီခေတ်က ကျောင်းသားလူငယ်များ၊ တိုင်းရင်းသားများသည် နယ်ချဲ့ကိုမကြိုက်၊ ကိုလိုနီစနစ်ကို မုန်းခဲ့ကြသည်။ တိုင်းတစ်ပါးက လာရောက်အုပ်ချုပ်သည်ကို နဂိုကတည်းက လက်ခံသူများမဟုတ်ခဲ့ကြ၊ အချိန်ရှိသရွေ့အခြေအနေပေးသမျှ တွန်းလှန်ခဲ့ကြသူများဖြစ်သည်။ ပညာတတ်လူငယ်ပီပီ ပညာရှင်ဆန်ဆန် ငါတို့လူမျိုးကို အမှန်တကယ်ဖိနှိပ်ချုပ်ချယ်သူမှာ တိုင်းတစ်ပါးက နယ်ချဲ့အစိုးရပါလား၊ ကိုလိုနီယန္တရားတစ်ခုဖြစ်နေသော ကိုလိုနီပညာရေးစနစ်သည် နယ်ချဲ့စနစ်သက်ဆိုးရှည်ရေး တကယ့်တရားခံအစစ်ဖြစ်နေပါလား၊ ကွဲကွဲပြားပြားသိမြင်နိုင်စွမ်းရှိခဲ့သည်။ ထိုမှ အမှားနှင့်အမှန်၊ တရားမှုနှင့် မတရားမှုကို ကောင်းစွာခွဲခြားနိုင်ခဲ့ပြီး မတရားသည့်တစ်ဖက်သတ် တက္ကသိုလ်ဥပဒေကို လက်မခံဆန့်ကျင်ကာ အမျိုးသားပညာရေးမျိုးစေ့ကို စတင်သန္ဓေတည်နိုင်ခဲ့သည်။

ကိုယ့်ပညာ၊ ကိုယ့်ဘာသာစကား ချစ်မြတ်နိုးသည့်စိတ်ဓာတ်က အမျိုးသားရေးအခြေခံသည့် မျိုးချစ်စိတ်ကို ရှင်သန်စေခဲ့သည်။ ထိုမှတစ်ဆင့် ကိုယ့်နိုင်ငံကိုချစ်သည့် နိုင်ငံချစ်စိတ်၊ ထိုမှသည် နယ်ချဲ့လက်အောက်မှ လုံးဝလွတ်မြောက်လိုသည့် တိုက်ပွဲဝင်စိတ်ဓာတ်များ၊ ပြည်ထောင်စုစိတ်ဓာတ်များကို တစ်ပြည်လုံးအနှံ့ တိုးတက်ပျံ့နှံ့သွားစေခဲ့သည်ဟု ဆိုရမည်။ မတရားအဖိနှိပ်ခံရပြီး တိုင်းတစ်ပါးလက်အောက်ရောက် ပြည်သူအားလုံးလွတ်မြောက်ရေးအတွက် ထိုခေတ်ထိုအခါက ဦးဆောင်သူများ၏လွတ်လပ်ရေးလှုပ်ရှားမှုများသည် တရားသောလုပ်ရပ်များဖြစ်ခဲ့သည့်အတွက်သာ ဓမ္မက အဓမ္မကို အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်ကိုမူ ပညာမျက်စိဖြင့် ကြည့်တတ်ဖို့ လိုပါမည်။ အဓိကအချက်က စစ်မှန်သောမျိုးချစ်စိတ်သာလျှင် အရင်းခံဖြစ်သည်ဆိုသည့်အကြောင်းရင်းကို လက်ခံနိုင်စွမ်းရှိရပါမည်။

**လက်ရှိအခြေအနေမှာ လိုအပ်နေသောတရားများနှင့်အတူ**

ထိုကဲ့သို့မျိုးချစ်စိတ်ဓာတ်အရင်းခံ၍သာ နယ်ချဲ့တို့ကို အန်တုတော်လှန်ပြီး လွတ်လပ်ရေးပန်းတိုင် အရောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစိတ်ဓာတ်မျိုး လက်ဆင့်ကမ်းနိုင်၍သာ ပြည်ထောင်စုကြီးတည်မြဲနေခြင်းဖြစ်သည်၊ အချုပ်အခြာခိုင်ခံ့နေခြင်းဖြစ်သည်ကို မြန်မာ့သမိုင်းဖြစ်ရပ်များစွာက သက်သေထူခဲ့ ထူနေဆဲလည်းဖြစ်သည်ကို အသိအမှတ်ပြုရပါမည်။ မျိုးချစ်စိတ်ကင်းမဲ့ပါက ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲ အချုပ်အခြာဖရိုဖရဲဖြစ်မှာ သေချာလှသည်။

သို့သော် ယခုဆယ်စုနှစ်တစ်ခုအတွင်းမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံ့အရေး၊ အမျိုးသားရေးဟူသည် ရိုက်ချိုးဖျက်ဆီးခံနေရသည့် အနေအထား၊ ပြည်တွင်းပြည်ပစိန်ခေါ်မှုဗရပွနှင့် အကျပ်အတည်းအမျိုးစုံအောက်တွင် မဆုတ်မနစ် ခုခံကာကွယ်စောင့်ရှောက်ရသည့် အနေအထားဖြစ်နေသည်။ နိုင်ငံချစ်စိတ်မဆိုထားနှင့် ကိုယ့်လူမျိုးအချင်းချင်းပင် မေတ္တာထားချစ်တတ်ကြဖို့ ခဲယဉ်းနေကြသည်။ နိုင်ငံ့အရေး၊ အမျိုးသားရေးထက် ကိုယ့်အရေးကအဓိက၊ အတ္တပဓာနဖြစ်လာကြလျှင်... ထိုအခြေအနေမျိုးမှာ တိုးတက်မှုအရေး၊ ဖွံ့ဖြိုးမှုအရေးတို့ပါ နောက်ကျသွားနိုင်သည်ကို သတိပြုသင့်ပါသည်။

မြန်မာသာမဟုတ် ကမ္ဘာမှာလည်း အပြောင်းအလဲများက မြန်ဆန်လွန်းလှသည်။ များသောအားဖြင့် အဖျက်သဘောနှင့် အပျက်ဘက်ဦးတည်သည်က များနေသည်။ မိမိနိုင်ငံအကျိုးစီးပွား ရှေ့တန်းတင်ကြလွန်းပြီး မလျော်ဩဇာလွှမ်းမိုးမှု ဖိအားပေးမှုများပြားလာသည့်အခါ ကမ္ဘာအနှံ့ ပဋိပက္ခများချည်းတွေ့လာရသည်။ အထူးသဖြင့် မျိုးချစ်စိတ်အခံအားနည်းသောနိုင်ငံများတွင် အချုပ်အခြာဆုံးရှုံးမှုပိုများပြီး ပျက်စီးဆုံးရှုံးမှုပိုများကြောင်းလည်း တွေ့ရသည်။ အပျက်များကြားထဲ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပျက်အစီးအဆုံးအရှုံး နည်းနိုင်သမျှ နည်းအောင်စည်းလုံးညီညွတ်ဖို့က အဓိကလိုအပ်ချက်ဖြစ်နေသည်။ ကိုယ့်လူမျိုးအချင်းချင်း၊ ကိုယ့်နိုင်ငံသားအချင်းချင်း အသက်ပေးကာကွယ်စောင့်ရှောက်ကြမည်ဟူသောစိတ်ဓာတ်၊ ကိုယ့်နိုင်ငံ နယ်နိမိတ်မည်သည့်အစိတ်အပိုင်းမျှ အပွန်းအရှအထိခိုက်မခံဟူသော စိတ်ဓာတ်၊ သွေးကပြောသောအမျိုးချစ်စိတ် ထိုစိတ်ဓာတ်မျိုးမရှိဘဲနှင့် မည်သို့သောစည်းလုံးညီညွတ်မှုမျိုးမှ ရနိုင်မည်မဟုတ်ပါ။

အပြန်အလှန်ယုံကြည်မှု၊ နားလည်ပေးမှု၊ သည်းခံမှုနှင့်ကိုယ်ချင်းစာတရား၊ မေတ္တာတရားနှင့် သံယောဇဉ်၊ တစ်ဦးနှင့်တစ်ဦးကူညီဖေးမမှုစသည့်လောကပါလတရားများသည် မြန်မာတို့၏အမျိုးသားရေးစရိုက်များလည်းဖြစ်နေသည်။ ကောင်းမြတ်သောထိုအသွင်အပြင်များ မိမိတို့လူမျိုးများအကြား စိမ့်ဝင်နေရန်သည် ယခုအချိန်မှာ အရေးတကြီးလိုအပ်နေပြီး ထိုအခြင်းအရာတို့ကို မျိုးချစ်စိတ်ကသာလျှင် ယူဆောင်ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားပါသည်။

**အမျိုးသားရေးတည်ဆောက်မှုဆီသို့**

ထို့ကြောင့် မျိုးချစ်စိတ်တို့၊ နိုင်ငံချစ်စိတ်တို့ဆိုသည်ကို အလွှာအားလုံးမှ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နေရန်နှင့် ယခုထက်ပို၍ အာရုံစိုက်ပြုပြင်ရန် လိုအပ်နေသည်ဆိုသောအချက်မှာ ထင်ရှားလှပါသည်။

*စာမျက်နှာ ၁၁ သို့*

❖ **နိုင်ငံတည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအရေး ဦးစားပေးဖြေရှင်းနေရသည့်အခြေအနေတွင် နိုင်ငံနှင့်လူမျိုးချစ်စိတ်များ တိုးပွားရန်အတွက် အခြေခံအကျဆုံးသည် ပညာရေးကဏ္ဍပင်ဖြစ်သည်ကို ငြင်းချက်ထုတ်ရန်မရှိပါ။**

❖ **သို့မှသာ အမျိုး၊ ပညာ၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပြီး တိုင်းပြည်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလည်း အရှိန်အဟုန်ရလာမည်ဖြစ်ပါသည်။**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်း အမရရွှေပြည်ရက်ကန်းအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်

**မန္တလေး နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိခဲ့သည့် အမရရွှေပြည်ရက်ကန်းအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်သည်။

**ပညာအမွေများ လက်ဆင့်ကမ်း**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ကြိုတင်ပြင်ဆင်ကြိုးစားခဲ့မှု၊ အသင်းအဖွဲ့စိတ်ဓာတ်အပြည့်ဖြင့် ဟန်ချက်ညီ လုပ်ဆောင်ခဲ့မှု၊ ပြိုင်ပွဲစည်းကမ်းများနှင့်အညီ ယှဉ်ပြိုင်ရက်လုပ်ခဲ့မှုတို့ကြောင့် အောင်မြင်မှုပန်းတိုင်ကို စိုက်ထူနိုင်ခဲ့ပါကြောင်း၊ နောင်ပြိုင်ပွဲများတွင်လည်း တိုင်းဒေသကြီးဂုဏ်ကို ဆက်လက်ဆောင်နိုင်အောင်၊ ရိုးရာအမွေအနှစ် မတိမ်ကောမပျောက်ပျက်သွားအောင် မျိုးဆက်သစ်လူငယ်များအား ပညာအမွေများလက်ဆင့်ကမ်းလှမ်းရင်း စဉ်ဆက်မပြတ်ကြိုးစားလုပ်ဆောင်နေကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ပြိုင်ပွဲအတွေ့အကြုံများတင်ပြ**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုစကားများပြောကြားပြီး အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲအတွေ့အကြုံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အမရရွှေပြည်ရက်ကန်းအဖွဲ့မှ အသင်းအုပ်ချုပ်သူများက ပထမဆုရရှိခဲ့သည့် ဆုဖလားအား ပေးအပ်ပြီး (အပေါ်ပုံ) တိုင်းဒေသကြီးဝန်ကြီးချုပ်က အမရရွှေပြည် ရက်ကန်းအဖွဲ့ကို ဂုဏ်ပြုငွေကျပ် ၁၁ သိန်းကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကယားပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများ ဖွင့်လှစ်ရန် ပြင်ဆင်စီမံဆောင်ရွက်မှုများ၊ အခြေခံပညာကျောင်းနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



**လွိုင်ကော် နိုဝင်ဘာ ၁၆**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် သင်တန်းကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး အလေးထားစီမံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းများကို နိုဝင်ဘာလ တတိယပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်နှင့်လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်ကျောင်းသို့ သွားရောက်ကာ ပင်မကျောင်းဆောင်၊ စာသင်ဆောင်များ၊ သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ၊ စားရိပ်သာများကို ကျောင်းဖွင့်ကာလအမီ အသင့် ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချယ်ရီထွန်းက သင်တန်းသား သင်တန်းသူများ ရောက်ရှိတက်ရောက်မည့် အခြေအနေများနှင့် နေရာချထားမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် ကျောင်းဥပမိရုပ်ကောင်းမွန်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ကျောင်းဖွင့်ရာသီတွင် အဆင်ပြေစွာပညာသင်ကြားနိုင်ရေး စာသင်ဆောင်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ နည်းပညာတက္ကသိုလ်(လွိုင်ကော်)ကျောင်းအုပ်ကြီး ဒေါက်တာခိုင်ဇော်နိုင်နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ကျောင်းအုပ်ကြီး ဒေါက်တာသင်းသင်းထွေးတို့က ကျောင်းဖွင့်ရာသီတွင် လာရောက်ပညာသင်ကြားမည့်အခြေအနေ၊ စာသင်ဆောင်၊ အိပ်ဆောင်များ စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှု အဆင်ပြေစေရေး စနစ်တကျစီမံပေးရန်နှင့် ကျောင်းဘောလုံးကွင်းများကို အားကစားပွဲများ ကျင်းပနိုင်သည်အထိ ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ကျောင်းဥပမိရုပ်ကောင်းမွန်ရေး**

ထို့နောက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းအစည်းအဝေး ခန်းမဆောင်နှင့် ကျောင်းဆောင်များ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွင်း ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်များ ထပ်မံပြုပြင်ပေးရန်၊ ကျောင်းဆောင်များသို့ သွားရောက်သည့်လမ်းများကို ကွန်ကရစ်ခင်းပေးရန်နှင့် ကျောင်းဥပမိရုပ်ကောင်းမွန်ရေး စနစ်တကျဆောင်ရွက်သွားရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

**အမြန်ဆုံးပြီးစီးနိုင်ရေး**

ဆက်လက်၍ နောင်ယား(က) ရပ်ကွက် စုပေါင်းဝန်ထမ်းအိမ်ရာ၌ အုတ်တံတိုင်းခြံစည်းရိုး ဆောင်ရွက်နေမှု၊ ဝန်ထမ်းအိမ်ရာများ အချောသပ် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအမီ အမြန်ဆုံးပြီးစီးနိုင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီဖြစ်စေရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အတိတ်ကာလက အမျိုးသားပညာရေးမျိုးစေ့ဖြင့် လိုချင်သည့်အရာကို ခူးဆွတ်နိုင်ခဲ့ပြီး အောင်ပွဲများရယူနိုင်ခဲ့သည်ကို သင်ခန်းစာယူ၍ ယနေ့အခြေခံပညာကျောင်းများကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ထာဝရကိန်းအောင်းရာ ပျံ့နှံ့တိုးတက်ရာ အုတ်မြစ်များအဖြစ် ခိုင်ခံ့အောင် ဆက်လက်ဆောင်ရွက်ရပါမည်။ ယခုလို နိုင်ငံတည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအရေး ဦးစားပေးဖြေရှင်းနေရသည့်အခြေအနေတွင် နိုင်ငံနှင့်လူမျိုးချစ်စိတ်များ တိုးပွားရန်အတွက် အခြေခံအကျဆုံးသည် ပညာရေးကဏ္ဍပင်ဖြစ်သည်ကို ငြင်းချက်ထုတ်ရန်မရှိပါ။

သို့မှသာ အမျိုး၊ ပညာ၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပြီး တိုင်းပြည်၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလည်း အရှိန်အဟုန်ရလာမည်ဖြစ်ပါသည်။ သို့မှသာ သိမ်မွေ့နက်နဲသော အမျိုးသားရေးတည်ဆောက်မှု Nation building လက္ခဏာများ ပီပီပြင်ပြင်ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါသည်။

အဓိကအချက်က မိမိတို့ဆီမှာ မျိုးဆက်နှင့်ချီပြီး ရှိရမည့် မျိုးချစ်စိတ်ကို မယုတ်လျော့ မဆုံးရှုံးစေလိုသော စေတနာပင်ဖြစ်သည်။ မျိုးချစ်စိတ်မျိုးဆက်ပြတ်သည့်အနေအထားတစ်ခုအထိ Generational patriotism gap မဖြစ်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရေးသည် ယခုအချိန်တွင် အလွန်အရေးကြီးနေပါသည်။ နေသာသလိုမနေဘဲ ငါတို့နိုင်ငံ၊ ငါတို့လူမျိုးအတွက်ပေးဆပ်မည်ဆိုသည့် စိတ်နေစိတ်ထား၊ ငါတို့ဘာသာ၊ ငါတို့သာသနာ၊ ငါတို့ယဉ်ကျေးမှု၊ ငါတို့ပိုင်မြန်မာစာပေ၊ မြန်မာစကားကို နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟူသောခံယူချက်... ထိုအချက်များထက် ပို၍ အရေးကြီးသောအချက်များ ရှိမည်မထင်ပါ။

ကမ္ဘာကြည့်မြင်ကြည့်ပါ၊ မျိုးချစ်စိတ်ရှိသောခေါင်းဆောင်နှင့် နိုင်ငံချစ်စိတ်ရှိသောနိုင်ငံသားများ ဦးဆောင်သောတိုင်းပြည်များတွင် အမျိုးသားအကျိုးစီးပွား အခွန့်ရှည်တည်တံ့ပြီး ပို၍ရှင်သန်တိုးတက်နေသည်ကို အကဲခတ်မိကြမည်ထင်သည်။ နိုင်ငံတိုင်းမှာ အမျိုးသားအကျိုးစီးပွားကသာ အဓိကဖြစ်နေရာ အမျိုးသားရေးစိတ်ဓာတ်မရှိဘဲနှင့် အမျိုးသားအကျိုးစီးပွားဖော်ဆောင်၍ ရမည်မဟုတ်သလို အမျိုးသားရေးစိတ်ဓာတ်ရရှိရန်မှာလည်း မျိုးချစ်စိတ်ကသာ အခြေခံဖြစ်နေကြောင်း တွေ့ရပြန်သည်။ သို့သော် အစွန်းနှစ်ဖက် ရောက်မသွားရန်တော့ လိုအပ်သည်။ အစွန်းရောက်ခြင်းက ဖောက်ပြန်သောမျိုးချစ်စိတ်နှင့် အနုတ်လက္ခဏာဆောင်သောအမျိုးသားရေးဘက်သို့ ရောက်သွားတတ်၍ဖြစ်သည်။

ပြန်၍ချုပ်ရလျှင် နိုင်ငံနှင့်လူမျိုး ပြည်ထောင်စုကြီး၏ ပုံရိပ်မြင့်မားစေရေးမျိုးချစ်စိတ်ကို အစဉ်ထာဝရပုံဖော်နေရန်သာ အရေးကြီးပါသည်။ လက်ရှိအခြေအနေများအရ ယခုပစ္စုပ္ပန်ကော နောင်အနာဂတ်အတွက်ပါ မှန်ကန်ပြီးအရောင်အသွေးကင်းသည့် မျိုးချစ်စိတ်ကို အခြေခံသော အမျိုးသားရေးနှင့်အမျိုးသားအကျိုးစီးပွားမှလွဲ၍ အခြားအရေးကြီးဆုံးသောအရာမရှိနိုင်ပါ။ ထိုဆိုသောအချက်သည်သာ အရာအားလုံးအတွက် အဓိကအကြောင်းတရား ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ။

# ချင်းပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီစည်းဝေး

**ဟားခါး နိုဝင်ဘာ ၁၆**
ချင်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအစည်းအဝေး အမှတ်အစဉ် (၁/၂၀၂၄) ကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ချင်းပြည်နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရသည့် အမှုတွဲများကို ကော်မတီဝင်များက ဆွေးနွေး၍ အထက်အဆင့်သို့ တင်ပြသွားရမည်ဖြစ်ကြောင်း၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ စိစစ်ရေး လုပ်ငန်းသည် အင်မတန်သိမ်မွေ့ ထိလွယ်ရှလွယ်သည့် လုပ်ငန်းဖြစ်၍ ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်နယ်မြေစာရင်း ဦးစီးဌာနမှူးက စိစစ်ရန် တိုင်ကြားသည့် အမှုတွဲ ခုနစ်တွဲအား တစ်ခုချင်းအလိုက် စိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထပ်မံဖြည့်စွက် ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ပိတ်သိမ်းရမည့်အမှုတွဲနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် အမှုတွဲများကို ဆုံးဖြတ်ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



# မော်ဘီမြို့နယ် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မော်ဘီ နိုဝင်ဘာ ၁၆**
ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ပတ်တန်းကျေးရွာအုပ်စု စံပြကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၁၅ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် မော်ဘီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့်အတူ စံပြကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

စံပြကျေးရွာရှိ အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းသည် အရှည်ပေ ၆၂၀၊ အကျယ်ရှစ်ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၁၈၀ ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာစတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဂျဂျ



# မုံရွာမြို့၌ မီးခိုး၊ မြူငွေ့ညစ်ညမ်းထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**မုံရွာ နိုဝင်ဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော မီးခိုး၊ မြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက်က သူနာပြုသားဖွားသင်တန်းကျောင်း (မုံရွာ)ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မုံရွာမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အုပ်(စီမံ)မှ ဆရာမကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဇော်မြင့်နှင့် ဝန်ထမ်းများက မီးခိုး၊ မြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာများ၊ သစ်တောသစ်ပင်များနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ မျိုးဆက်သစ်လူငယ်များ ဆောင်ရွက်ရမည့် အခန်းကဏ္ဍများ၊ အမျိုးသမီးနှင့် ပတ်ဝန်းကျင်ဆိုင်ရာများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ခရိုင်အဆင့် မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး



**ပခုက္ကူ နိုဝင်ဘာ ၁၆**
ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၂ ရက်က ခရိုင်အဆင့် မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့နိုင်မော်က အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်အောင်က "မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**သက်ထက်**



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး ရွာမဓမ္မာရုံနှင့် ရပ်ကွက်ကြီး(၅) ပြည်တော်သာလမ်း ဓမ္မာရုံတို့၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ နိုဝင်ဘာ ၁၃ ရက်က ပြည်သူ ၂၇၅ ဦးအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးစဉ်။ သွေးသွေး(ပြန်/ဆက်)

# မအူပင်မြို့နယ် ရွာသစ်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မအူပင် နိုဝင်ဘာ ၁၆**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငါးကြီးဂရက်ကျေးရွာအုပ်စု ရွာသစ်စုကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေကို နိုဝင်ဘာ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာမနားကီးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာ ရပ်မိရပ်ဖများနှင့်အတူ ရွာသစ်စုကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ရွာသစ်စုကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း မြေရောကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၇ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၄၁၄ အိမ်၊ လူဦးရေ ၁၅၃၆ ဦး၊ စိုက်ပျိုးမြေဧက ၅၈၀ ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်**
**(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# အမေရိကန်သမ္မတအဖြစ် ထရမ့် ရွေးကောက်ခံရပြီးနောက် အာဂျင်တီးနားသမ္မတနှင့်တွေ့ဆုံ



**ဖလော်ရီဒါ နိုဝင်ဘာ ၁၆**

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်သည် အာဂျင်တီးနားသမ္မတ ဟာဗီးယားမိုင်လီနှင့် ဖလော်ရီဒါ၌ တွေ့ဆုံခဲ့သည်။ (ဓာတ်ပုံ)

ပြီးခဲ့သည့်သီတင်းပတ်က ကျင်းပခဲ့သည့် အမေရိကန် ရွေးကောက်ပွဲ၌ ဒေါ်နယ်ထရမ့် အနိုင်ရရှိပြီးနောက် မိုင်လီသည် ထရမ့်ကို လာရောက်တွေ့ဆုံသည့် ပထမဆုံး နိုင်ငံခြားခေါင်းဆောင်ဖြစ်သည်ဟု အေပီသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ဟာဗီးယားမိုင်လီကို တစ်မူထူးသည့် အပြုအမူများကြောင့် ၎င်းကို အာဂျင်တီးနားနိုင်ငံ၏ ထရမ့်ဟု တင်စားကြသည်။ နိုဝင်ဘာ ၁၄ ရက်တွင် အာဂျင်တီးနားသမ္မတနှင့် ထရမ့်တို့ အတူတွဲ၍ ရိုက်ထားသည့်ပုံကို လူမှုကွန်ရက်မီဒီယာတွင် တင်ခဲ့သည်။ ဖလော်ရီဒါ၌ ကွန်ဆာဗေးတစ်ပညာရှင်အဖွဲ့က ကျင်းပသည့်ပွဲတွင် ၎င်းတို့နှစ်ဦး တွေ့ဆုံခဲ့ခြင်းဖြစ်သည်ဟု အာဂျင်တီးနားမီဒီယာတွင် ဖော်ပြသည်။

အစည်းအဝေးနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြခဲ့ခြင်းမရှိချေ။ ထရမ့်ရွေးကောက်ခံရသည့်အတွက် ဟာဗီးယားမိုင်လီက ဂုဏ်ပြုကြောင်းပြောကြားခဲ့သည်။

ထရမ့်ကလည်း ဟာဗီးယားမိုင်လီကို အာဂျင်တီနား နိုင်ငံအား ကြီးကျယ်ခမ်းနားအောင် ပြုလုပ်နိုင်မည့်သူဟု ခေါ်ဝေါ်ခဲ့သည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက် ထရမ့်သည် ကမ္ဘာတစ်ဝန်းမှ ခေါင်းဆောင်များနှင့် ဖုန်းပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံက ထွန်းသစ်စ စီးပွားရေးထိပ်သီးနိုင်ငံများအဖွဲ့ (BRICS)၏ မိတ်ဖက်နိုင်ငံဖြစ်လာ

**လီမာ နိုဝင်ဘာ ၁၆**

ထွန်းသစ်စစီးပွားရေး ထိပ်သီးနိုင်ငံများအဖွဲ့ (BRICS)က အင်ဒိုနီးရှားနိုင်ငံကို "မိတ်ဖက်" နိုင်ငံတစ်ခုအဖြစ် တရားဝင်သတ်မှတ်လိုက်ပြီ ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒား ပန်ကင်က နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ကလည်း မိတ်ဖက်နိုင်ငံအဆင့်ကို ရရှိထားကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။

ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) ဝန်ကြီးများအဆင့် အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ် ပန်ကင်က အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မိတ်ဖက်နိုင်ငံ အဆင့်အတန်းသည် BRICS ထိပ်သီးအစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးများအပါအဝင် အခြားသော အဆင့်မြင့်အစည်းအဝေးများတွင် အမြဲတမ်းပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

BRICS အဖွဲ့တွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်ပြီး အီဂျစ်၊ အီရန်၊ အီသီယိုးပီးယားနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့က ၂၀၂၄ ဇန်နဝါရီ ၁ ရက်တွင် တရားဝင်အဖွဲ့ဝင်နိုင်ငံများအဖြစ် ပဏာမသဘောတူညီချက် ရရှိထားသည်။

BRICS အဖွဲ့က တရားဝင်ထုတ်ပြန်ခြင်း မရှိသေးသော်လည်း အယ်လ်ဂျီးရီးယား၊ ကျူးဘား၊ ကာဇက်စတန်၊ နိုင်ဂျီးရီးယား၊ တူကီယဲ၊ ယူဂန္ဒာ၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့ကလည်း အလားအလာရှိသော အဖွဲ့ဝင်နိုင်ငံများအဖြစ် မီဒီယာများက ဖော်ပြသည်။

**အာရ်တီ**




ရုရှားနိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလက ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေး။

## ထရမ့်၏ ကုန်သွယ်ရေးမူဝါဒနှင့်ပတ်သက်၍ မက္ကဆီကို၌ စိုးရိမ်မှုများ မြင့်မား

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၆**

မက္ကဆီကိုရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များနှင့်ပို့ကုန်သမားများသည် အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ထရမ့်၏ ကုန်သွယ်ရေးမူဝါဒများနှင့်ပတ်သက်၍ စိုးရိမ်မှုများ မြင့်မားလျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီလအတွင်း ထရမ့် အိမ်ဖြူတော်သို့ပြန်လည်ရောက်ရှိလာသည့်အခါ ၎င်းတို့၏ ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှု တိုးမြှင့်လုပ်ဆောင်မည်ကို စိုးရိမ်နေကြသည်။ ထရမ့်က ၎င်း၏အစိုးရအဖွဲ့သည် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အလုပ်အကိုင်များကို ကာကွယ်သွားမည်ဟု ပြောကြားခဲ့သည်။ ၎င်းသည် မက္ကဆီကိုနှင့်ပတ်သက်၍ တင်းကျပ်သည့်သဘောထားရှိကြောင်း၊ မက္ကဆီကိုနိုင်ငံသည် အမေရိကန်သို့ကုန်ပစ္စည်းများတင်ပို့ရာတွင် ကမ္ဘာ့ထိပ်တန်းတင်ပို့သူနိုင်ငံဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီများသည် ကုန်ကျစရိတ်နည်းပါးခြင်းနှင့် အခြားသောအချက်များကြောင့် မက္ကဆီကိုတွင် ကုန်ထုတ်လုပ်မှုစက်ရုံများ ထူထောင်ခဲ့ကြသည်။ မက္ကဆီကိုနိုင်ငံရှိ ထုတ်လုပ်ရေးစက်ရုံမှ ကားအစိတ်အပိုင်းများ ထုတ်လုပ်ရောင်းချသည့် အမေရိကန်ကားထုတ်လုပ်ရေးကုမ္ပဏီမှ အရောင်းမန်နေဂျာတစ်ဦးသည် အခွန်စည်းကြပ်မှုတိုးမြှင့်ခြင်းဖြင့် ကုမ္ပဏီအားလုံးကို သက်ရောက်မှုရှိစေမည်ဟု ပြောသည်။

နောက်ထပ်အခွန်စည်းကြပ်မှုများကြောင့် မက္ကဆီကိုနိုင်ငံ၏ ဂျီဒီပီကျဆင်းသွားမည်ကို စိုးရိမ်နေကြသည်။ ဂျပန်ကုမ္ပဏီများသည်လည်း မကြာသေးမီအချိန်ကမှ မက္ကဆီကိုတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တောမီးခြိမ်းခြောက်မှုကြောင့် ဩစတြေးလျအရှေ့တောင်ပိုင်းရှိ မြို့ခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်

**ဆစ်ဒနီ နိုဝင်ဘာ ၁၆**

တောမီးကြောင့် ဩစတြေးလျနိုင်ငံ၏ ဒုတိယလူဦးရေအများဆုံးပြည်နယ်ရှိ မြို့အတော်များများ၌ နေထိုင်သူများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားသည်။

နိုင်ငံအရှေ့တောင်ပိုင်းဗစ်တိုးရီးယားပြည်နယ်၏ အနောက်နှင့် အနောက်တောင်ပိုင်းရှိ ရပ်ရွာဒေသအများအပြားတွင် တောမီးထိန်းချုပ်နိုင်ခြင်း မရှိသည့်အတွက် ချက်ချင်းဘေးလွတ်ရာ ရှောင်တိမ်းကြရန် အရေးပေါ်သတိပေးချက်များကို မီးသတ်ဌာနက နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျနိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် အပူချိန်မြင့်မားမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် မီးဘေးအန္တရာယ်ပိုမို ပြင်းထန်လာနိုင်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

မဲလ်ဘုန်းမြို့၏ အနောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ ဒီရီးလ်မြို့ငယ်အနီး၌ မီးငြိမ်းသတ်ရန်အတွက် မီးသတ်ကားအစီးရေ ၂၀ ကျော်ကိုလည်း ဖြန့်ကြက်ချထားခဲ့သည်။ အာဏာပိုင်များက ဗစ်တိုးရီးယားအနောက်မြောက်ပိုင်းတွင် မီးရှို့မှုလုံးဝမလုပ်ရန် နိုဝင်ဘာ ၁၆ ရက်က ကြေညာခဲ့ပြီး ပြည်နယ်တစ်ခုလုံးကို တောမီးအန္တရာယ်သတိပြုရန် ကြေညာထားသည်။

**ဆင်ဟွာ**



ဗစ်တိုးရီးယားပြည်နယ် အနောက်ပိုင်းရှိ အီဒင်ဟုပ်အနီး၌ တောမီးများလောင်နေမှုကို တွေ့ရစဉ်။



## အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိဆေးရုံ၌ မီးလောင်မှုကြောင့် မွေးကင်းစကလေး ၁၀ ဦး သေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၁၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်းဆေးကောလိပ်ရှိ မွေးကင်းစကလေးများထားရှိရာ အထူးကြပ်မတ်ကုသဆောင်၌ မီးလောင်မှုဖြစ်ပွားရာ မွေးကင်းစကလေး ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး အချို့ဒဏ်ရာရရှိခဲ့သည်ဟု အရာရှိတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ဂျန်စီခရိုင်ဆေးကောလိပ်၌ နိုဝင်ဘာ ၁၄ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားစဉ် မွေးကင်းစကလေးများထားရာ အထူးကြပ်မတ်ကုသဆောင်တွင် မွေးကင်းစကလေး ၇၀ ထက်မနည်းရှိသည်ဟု ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# အရှေ့အလယ်ပိုင်းဒေသမှာ ပဋိပက္ခချုပ်ငြိမ်းရေးထက် အလုံးစုံစစ်ပွဲတွေဆီ ဦးတည်သွားနေတဲ့ အလားအလာတွေ ထင်သာမြင်သာရှိလာ

**ဧပြီ ၁ ရက်မှာ အစ္စရေးက ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့မှာရှိတဲ့ အီရန်သံရုံးကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အီရန်တာဝန်ရှိသူ အများအပြားအပါအဝင် ၁၆ ဦး သေဆုံးမှု ဖြစ်ပွားခဲ့ပါတယ်။ အီရန်တာဝန်ရှိသူတွေဟာ ပါလက်စတိုင်းစစ်သွေးကြွခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးနေကြောင်း စွပ်စွဲပြောကြားကာ အဆိုပါ တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်တယ်လို့ အစ္စရေးက ဆိုပါတယ်။ အဲဒီအချိန်ကစပြီး အစ္စရေး - အီရန်ကြား ပွတ်တိုက်မှုတွေ ခပ်စိပ်စိပ် ဖြစ်ပွားလာပါတယ်။**

**ပစ်မှတ်ထားရှင်းလင်းရေးတွေ လုပ်ဆောင်**

ဧပြီ ၁၃ ရက်မှာ ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေး မြောက်ပိုင်းကို ဒုံးကျည် ၄၀ ခန့် ပစ်လွှတ်တိုက်ခိုက်ခဲ့ပါတယ်။ ဟစ်ဇ်ဘိုလာတို့က ဟားမားစ်တွေနဲ့အတူ ရပ်တည်ကြောင်း ပြသဖို့အတွက် ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ အကျိုးဆက်အနေနဲ့ အစ္စရေးက လက်ဘနွန်မှာရှိတဲ့ ဟစ်ဇ်ဘိုလာတွေကို အဓိက ပစ်မှတ်ထားပြီး သုတ်သင်ရှင်းလင်းရေးတွေ လုပ်ဆောင်ခဲ့ပါတယ်။

လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာလက်နက်ထုတ်လုပ်တဲ့ စက်ရုံကို အစ္စရေး ဗုံးကြဲတိုက်ခိုက်လက်တုံ့ပြန်မှုက ပဋိပက္ခဖြစ်ပွားမှုကို ပိုမိုဆိုးရွားသွားစေခဲ့ပါတယ်။ အဲဒီနောက်မှာ အီရန်က ဒရုန်းနဲ့ ပဲ့ထိန်းဒုံးကျည် ၃၀၀ ခန့် အစ္စရေးကို ပစ်လွှတ်တိုက်ခိုက်ခဲ့ပါတယ်။ ဒါ့အပြင် ဟူသီအဖွဲ့အပါအဝင် အီရန်ကျောထောက်နောက်ခံပြုထားတဲ့ အဖွဲ့တွေကလည်း အစ္စရေးကို အဆက်မပြတ် တိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။

**လေတပ်အခြေစိုက်စခန်းတွေ ထိခိုက်ပျက်စီး**

အမေရိကန်၊ ဗြိတိန်နဲ့ ဂျော်ဒန်နိုင်ငံတို့က အီရန် ဒရုန်း ၁၀၀ ကျော်ကို ကြားဖြတ်ပစ်ချ ဟန့်တားခဲ့ပါတယ်။ ဒါပေမယ့် ဒရုန်းနဲ့ ပဲ့ထိန်းဒုံးကျည်အနည်းစုက အစ္စရေးနိုင်ငံတစ်ဝန်း မြို့အများအပြားကို ထိမှန်ခဲ့ကာ နီဗာတင်နဲ့ ရာမွန်လေတပ်အခြေစိုက်စခန်းတွေ ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ပြီး အရပ်သား ၃၃ ဦးမှာ ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ပါတယ်။

ဧပြီ ၁၉ ရက်မှာ အစ္စရေးက အီရန်ကို လက်တုံ့ပြန်တိုက်ခိုက်ခဲ့ပါတယ်။ အစ္စရေးက စစ်ဘက်အခြေစိုက် စခန်းတစ်ခုအပါအဝင် အစ္စဖာဟန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ ပစ်မှတ်သုံးခုကို ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။ အီရန် လေကြောင်းရန် ကာကွယ်ရေးစနစ်က အစ္စရေး ဒုံးကျည်တွေကို ပစ်ချဟန့်တားနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဂြိုဟ်တုဓာတ်ပုံတွေမှာ အီရန်လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုနဲ့ ရေဒါစနစ်တစ်ခု ထိမှန်ပျက်စီးခဲ့ကြောင်း တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။



**ပဋိပက္ခဖြစ်ပွားမှုအခြေအနေ ပိုပြီးတင်းမာလာ**

ဇူလိုင် ၃၁ ရက်က အီရန်နိုင်ငံ မြို့တော် တီဟီရန်မှာ ဟားမားစ်နိုင်ငံရေးခေါင်းဆောင် အစ္စမေးဟာနီယာ လုပ်ကြံသတ်ဖြတ်ခံရပြီးနောက်ပိုင်း အစ္စရေးနဲ့ အီရန်ပဋိပက္ခဖြစ်ပွားမှု အခြေအနေ ပိုပြီးတင်းမာလာခဲ့ပါတယ်။ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ ဆင်ခြေဖုံးဒေသရှိ တိုက်ခန်းတစ်ခုကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာမှာ ဟစ်ဇ်ဘိုလာတပ်မှူး ဖရောက်ရှုတ်ခါ သေဆုံးမှု ဖြစ်ပွားပြီးနောက် နာရီပိုင်းအကြာမှာ ယင်းလုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားခဲ့တာပါ။

ဒါ့အပြင် စက်တင်ဘာ ၂၇ ရက်က ဘေရွတ်မြို့ ဆင်ခြေဖုံး ဒါဟီးယားဒေသမှာ အစ္စရေးလေကြောင်း တိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာနိုင်ငံရေး ခေါင်းဆောင် ဟာဆန်နာစရယ်လာ သေဆုံးမှု ဖြစ်ပွားခဲ့ပါတယ်။ ဘေရွတ်မြို့တောင်ဘက် ဆင်ခြေဖုံး ဒါဟီးယားဒေသရှိ လူနေအဆောက်အအုံတွေအောက် မြေအောက် ပေ ၆၀ (၁၈ မီတာ) မှာရှိတဲ့ ဌာနချုပ်မှာ ဟစ်ဇ်ဘိုလာခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးနေချိန် ယင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။

❖ **အမြဲတမ်း အပစ်အခတ်ရပ်စဲရေးအတွက် ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးမှုတွေ၊ အရှေ့အလယ်ပိုင်းဒေသ စစ်ဘောင်မကျယ်ပြန့်လာစေရေးနဲ့ တင်းမာမှုတွေ လျှော့ချနိုင်ရေး ကြိုးပမ်းလုပ်ဆောင်နေပေမယ့် တကယ်တမ်းမှာ ထိထိရောက်ရောက်မရှိဘဲ ပစ်ခတ်တိုက်ခိုက်မှုတွေသာ ဆက်လက်ဖြစ်ပွားနေခဲ့တာပါ။ ဒါ့အပြင် စစ်ပွဲစတင်ကတည်းက စစ်ပွဲအရှိန်တွေ လျှော့ကျသွားအောင် သံတမန်ရေးကြိုးပမ်းအားထုတ်မှုတွေ အကြိမ်ကြိမ် မအောင်မြင်ခဲ့သလို အဓိကအင်အားကြီးနိုင်ငံတွေအနေနဲ့လည်း စစ်ပွဲဖြစ်ပွားမှု ရပ်တန့်သွားအောင် ထူးထူးခြားခြား လုပ်ဆောင်နိုင်တာမျိုး မတွေ့ရဘူးလို့ ဝေဖန်ထောက်ပြမှုတွေလည်း ရှိနေပါတယ်**

**ဗုံးပေါင်း ၈၀ ကျော် ကြဲချ**

အဲဒီလိုတိုက်ခိုက်ရာမှာ အစ္စရေးက F-15I တိုက်လေယာဉ်တွေကို အသုံးပြုပြီး အမေရိကန်လုပ် ပေါင် ၂၀၀၀ (၉၁၀ ကီလိုဂရမ်) ရှိ ဘန်ကာဗုံးတွေ အပါအဝင် ဗုံးပေါင်း ၈၀ ကျော် ကြဲချခဲ့ရာ မြေအောက်ဌာနချုပ်နဲ့ အနီးအနားရှိ အဆောက်အအုံတွေ ပျက်စီးသွားခဲ့ပါတယ်။

အမြဲတမ်း အပစ်အခတ်ရပ်စဲရေးအတွက် ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးမှုတွေ၊ အရှေ့အလယ်ပိုင်းဒေသ စစ်ဘောင်မကျယ်ပြန့်လာစေရေးနဲ့ တင်းမာမှုတွေ လျှော့ချနိုင်ရေး ကြိုးပမ်းလုပ်ဆောင်နေပေမယ့် တကယ်တမ်းမှာ ထိထိရောက်ရောက်မရှိဘဲ ပစ်ခတ်တိုက်ခိုက်မှုတွေသာ ဆက်လက်ဖြစ်ပွားနေခဲ့တာပါ။ ဒါ့အပြင် စစ်ပွဲစတင်ကတည်းက စစ်ပွဲအရှိန်တွေ လျှော့ကျသွားအောင် သံတမန်ရေးကြိုးပမ်းအားထုတ်မှုတွေ အကြိမ်ကြိမ် မအောင်မြင်ခဲ့သလို အဓိက အင်အားကြီးနိုင်ငံတွေအနေနဲ့လည်း စစ်ပွဲဖြစ်ပွားမှု ရပ်တန့်သွားအောင် ထူးထူးခြားခြားလုပ်ဆောင်နိုင်တာမျိုး မတွေ့ရဘူးလို့ ဝေဖန်ထောက်ပြမှုတွေလည်း ရှိနေပါတယ်။

**သိသာထင်ရှားတဲ့ အရွေ့တစ်ခု ဖော်ဆောင်ထားနိုင်ခြင်း မရှိသေး**

အစ္စရေး-ဟားမားစ် ပဋိပက္ခဆိုရင် တစ်နှစ်နဲ့ ရက်သတ္တလေးပတ်ထဲ ရောက်ရှိလာပြီဖြစ်ပေမယ့် သိသာထင်ရှားတဲ့ အရွေ့တစ်ခုကို ဖော်ဆောင်ထားနိုင်ခြင်း မရှိသေးဘူး။ လက်ရှိမှာ အစ္စရေးရဲ့ သုတ်သင်ရှင်းလင်းမှုကြောင့် ဟားမားစ်နိုင်ငံရေး ခေါင်းဆောင်တွေဖြစ်တဲ့ အစ္စမေးလ် ဟာနီယာ၊ ဆာလေ အယ်အရိုရီ၊ ယာယာစင်ဝါအပြင် စစ်ဘက်ဆိုင်ရာ ထိပ်တန်းခေါင်းဆောင်တွေဖြစ်တဲ့ မိုဟာမက် ဒေးဖ်နဲ့ မာဝမ်အစ်ဆာတို့ သေဆုံးခဲ့ရပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ဂါဇာကမ်းမြောင်မှာ သေဆုံးသူပေါင်း ၄၃၃၄၁ ဦးကျော်နဲ့ ပျောက်ဆုံးသူပေါင်း ၆၀၀၀ ကနေ ၁၀၀၀၀ ကျော်ရှိတယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။

ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်မှာ ၁၀၂၁၀၅ ကျော်၊ ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၁၆၃၀၀ ကျော်နဲ့ နေရပ်စွန့်ခွာထွက်ပြေးရသူ ၁၉၀၀၀၀၀ ရှိတယ်လို့လည်း ဖော်ပြထားပါတယ်။ အနောက်ဘက်ကမ်းဒေသမှာ သေဆုံးသူ ၇၆၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၆၂၅၀ ကျော်နဲ့ ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၁၁၅၀၀ ကျော်ရှိတယ်လို့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

**သေဆုံးထိခိုက် ဒဏ်ရာရရှိသူတွေ အဆက်မပြတ်တိုးလာနေ**

အရှေ့အလယ်ပိုင်းနဲ့ မြောက်အာဖရိကဆိုင်ရာ ညှိနှိုင်းရေးမှူး ဘရတ်မက်ဂါး်အပါအဝင် အမေရိကန်တာဝန်ရှိသူတွေဟာ အောက်တိုဘာလ နောက်ဆုံးပတ်မှာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ ဆိုပါတယ်။ မည်သို့ပင်ဆိုစေ အပစ်အခတ်ရပ်စဲရေးတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲတွေ ပြုလုပ်လိုက်၊ အစ္စရေးက ပစ်ခတ်တိုက်ခိုက်လိုက်နဲ့ သေဆုံးသူတွေ၊ ထိခိုက်ဒဏ်ရာရရှိသူတွေသာ အဆက်မပြတ် တိုးလာနေခဲ့ပါတယ်။

လက်ဘနွန်နိုင်ငံမှာ စက်တင်ဘာ ၂၃ ရက်နောက်ပိုင်း သေဆုံးသူ ၁၃၅၆ ဦးကျော် အပါအဝင် သေဆုံးသူပေါင်း ၂၉၈၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၃၄၀၂ ဦးကျော်နဲ့ ဆီးရီးယားနိုင်ငံမှာ သေဆုံးသူပေါင်း ၃၄၁ ဦး ရှိပါတယ်။ အစ္စရေးဘက်မှာ အရပ်သား သေဆုံးသူ ၉၄၆ ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် သေဆုံးသူ ၈၅၈ ဦးနဲ့ နေရပ်စွန့်ခွာထွက်ပြေးရသူ ၂၀၀၅၀၀ ကနေ ၅၀၀၀၀၀ ကြားရှိတယ်လို့ အချက်အလက်တွေအရ သိရပါတယ်။

**ဒေသတွင်းအလုံးစုံစစ်ပွဲတွေဆီ ဦးတည်နေ**

ဟစ်ဇ်ဘိုလာနိုင်ငံရေးခေါင်းဆောင် ဟာဆန်နာစရယ်လာ သေဆုံးမှုနဲ့ပတ်သက်ပြီး အီရန်ရဲ့ တုံ့ပြန်တိုက်ခိုက်မှုတွေက ဒေသတွင်းအလုံးစုံစစ်ပွဲတွေဆီ ဦးတည်နေတယ်လို့လည်း ပြောဆိုမှုတွေ ရှိနေပါတယ်။ အီရန်မှာ လက်ဘနွန်၊ ဆီးရီးယား၊ ယီမင်နဲ့ အီရတ်နိုင်ငံတို့မှာ အီရန်ကျောထောက်နောက်ခံပေးထားတဲ့ အင်အားစုတွေရှိသလို အစ္စရေးဘက်မှာလည်း အမေရိကန်၊ ဗြိတိန်နဲ့ မဟာမိတ်နိုင်ငံတွေ ရှိလို့နေပါတယ်။ စစ်ပွဲဖြစ်ပွားနေတဲ့ နိုင်ငံတွေ၊ အဖွဲ့တွေရဲ့နောက်မှာ ကြိုးကိုင်ခြယ်လှယ်သူတွေရှိနေတာကြောင့် အရှေ့အလယ်ပိုင်းဒေသမှာ အလုံးစုံစစ်ပွဲကနေ ကမ္ဘာအနှံ့အထိ ကြီးမားတဲ့ ပဋိပက္ခတွေ ကူးစက်ပျံ့နှံ့သွားနိုင်တယ်လို့လည်း နိုင်ငံရေးကျွမ်းကျင်သူတွေက ထောက်ပြကြတယ်။

အီရန်ဟာ လာမည့်ရက်တွေအတွင်း အစ္စရေးကို လက်တုံ့ပြန်တိုက်ခိုက်နိုင်ခြေရှိတယ်လို့ အစ္စရေးသတင်းအရင်းအမြစ်တွေမှာ အကျယ်တဝင့် ဖော်ပြထားတယ်။ အဲဒီတိုက်ခိုက်မှုဟာ အိမ်နီးချင်းအီရတ်နိုင်ငံရှိ အီရန်လိုလားတဲ့ ပြည်သူ့စစ်တွေကနေ တစ်ဆင့် လုပ်ဆောင်လာနိုင်တယ်လို့ အမေရိကန် သတင်းဝက်ဘ်ဆိုက် Axios က အောက်တိုဘာလ နောက်ဆုံးပတ်မှာ ဖော်ပြထားပါတယ်။

အဲဒီတိုက်ခိုက်မှုဟာ အစ္စရေးအနေနဲ့ မမျှော်မှန်းထားလောက်တဲ့ တုံ့ပြန်မှုမျိုး ကြုံတွေ့ရလိမ့်မယ်လို့ အစ္စလာမ့်တော်လှန်ရေး အစောင့်တပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဟော့ဆိန်းဆလာမီက ၎င်းရဲ့ မိန့်ခွန်းမှာ ထည့်သွင်းပြောကြားသွားတာကြောင့် အရှေ့အလယ်ပိုင်းဒေသမှာ ပဋိပက္ခချုပ်ငြိမ်းရေးထက် အလုံးစုံစစ်ပွဲတွေဆီ ဦးတည်သွားနေတဲ့ အလားအလာတွေ ထင်သာမြင်သာ ရှိလာပါကြောင်း။ ။

**ကိုးကား - ဆင်ဟွာ**

# တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်တွင် ပထမအကြိမ် မြန်မာ့ရိုးရာ နွားလှည်းယဉ်ကြော့ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**တပ်ကုန်း နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ်၌ နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်MSMEအဖွဲ့တို့ ဦးစီး၍ တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်တွင် ပထမအကြိမ် မြန်မာ့ရိုးရာနွားလှည်းယဉ်ကြော့ပြိုင်ပွဲ ကျင်းပရာ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင် နွားလှည်းယဉ်ကြော့အစီး ၃၀ အနက်မှ အမှတ်အများဆုံး ရရှိသည့် ဆန်ခါတင် ရွေးချယ်ခံရသော နွားလှည်းယဉ်ကြော့ ငါးစီး ယှဉ်ပြိုင်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက နေပြည်တော် ကောင်စီနယ်မြေအတွင်း ရေဘေးသင့်သည့်အထဲတွင် တပ်ကုန်းမြို့နယ်သည် အဆိုးရွားဆုံး ခံစားခဲ့ရသည့် မြို့နယ်ဖြစ်ပြီး လူနှင့်တိရစ္ဆာန်သေဆုံးမှုများ၊ လူနေအိမ် ပျက်စီးမှုများ ကြုံတွေ့ခဲ့ရသောကြောင့် ပြည်သူများအနေဖြင့် ပင်ပန်းဆင်းရဲမှုများ၊ စိတ်အားငယ်မှုများ ခံစားခဲ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် ဘဝကို တည်ဆောက်ပေးနေသည်မှာ အတိုင်းအတာတစ်ခုအထိရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခုလို ပွဲတော်ပြုလုပ် ပေးရခြင်းဖြင့် ပြည်သူများ စိတ်အပန်းဖြေစေရန်နှင့် စိတ်ခွန်အားအပြည့်ဖြင့် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေချင်သည့်အတွက် ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမျိုးသား အမွေအနှစ်များကို တန်ဖိုးထား စေချင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် (၁) ဗိုလ်မှူး ဝင်းထွဋ်အောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်နွားလှည်းယဉ်ကြော့အစီး ၂၅ စီးတို့ကို အထူးဆုအနေဖြင့် တစ်စီးလျှင်ငွေကျပ် ငါးသိန်းစီအားလည်းကောင်း၊ နေပြည်တော် MSME အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အထူးနှစ်သိမ့်ဆု ရရှိသော ကျားသေအိုင်ကျေးရွာ (၁) နှင့် ကျားသေအိုင်ကျေးရွာ (၂) တို့မှ နွားလှည်းယဉ်ကြော့ နှစ်စီးတို့ကို ဆုငွေကျပ် ၁၀ သိန်းစီအားလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက တတိယဆုရရှိသော ရွေးစုကျေးရွာမှ နွားလှည်းယဉ်ကြော့ကို ဆုငွေကျပ်သိန်း ၃၀ နှင့် ဆုတံဆိပ်ချီးမြှင့်၍လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဒုတိယဆုရရှိသော ညောင်ငါးပင်(မ)ရွာမှ နွားလှည်းယဉ်ကြော့ကို ဆုငွေကျပ်သိန်း ၄၀နှင့်ဆုတံဆိပ်ကိုလည်းကောင်း၊ ဗိုလ်မှူးကြီး ရဲမိုးက ပထမဆုရရှိသော ဆင်သေကျေးရွာမှ နွားလှည်းယဉ်ကြော့ကို ဆုငွေကျပ်သိန်း ၅၀နှင့်ဆုတံဆိပ်ကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ကျားသေအိုင်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်း နဝင်းချောင်းကူးတံတားရောက်ရှိ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ငွေဖြင့် ဆောင်ရွက်နေသည့်ပေ ၆၅၀၀ ရှိ သောင်တူးဖော်ခြင်းလုပ်ငန်း၊ ပေ ၄၉၀၀ ရှိ မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်း၊ ပေ ၁၄၀၀ရှိ Gabion Box အခြေပြု ကျောက်ဖြည့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ပေ ၇၀၅ရှိ Steel Basket မြေထိန်းနံရံလုပ်ငန်း၊ ပေ ၁၀၀ ရှိ Steel Basket ရေကာ လေးခု တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား တားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေး အသိပညာပေး



**ရန်ကုန် နိုဝင်ဘာ ၁၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား တားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က တားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးနှင့် တားမြစ်ဆေးဝါးကိစ္စသည် မြန်မာနိုင်ငံထဲတွင် ကွက်၍ဖြစ်ပေါ်နေသော ကိစ္စမဟုတ်ပါကြောင်း၊ ကမ္ဘာနှင့်ချီ၍ သုံးစွဲလျက်ရှိပြီး ယခုအခါ အားကစားသမားများအနေဖြင့် ပါဝင်ပတ်သက်သုံးစွဲခြင်း မပြုရန်တားမြစ်ထားသည့်အတွက်ကြောင့် တားမြစ်ဆေးဝါးဟုခေါ်တွင်နေကြခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သန်းသန်းဌေးက အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဆေးဘက်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏာက တားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဒေါက်တာ ယုနန္ဒာထွန်းက တားမြစ်ဆေးဝါးနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဟောပြောပို့ချမည့် တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် ပြိုင်ပွဲဝင်အားကစားများ၊ အသင်း အုပ်ချုပ်သူများနှင့် နည်းပြများအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❒ ***ကျောဖုံးမှ***

အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ကိုးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၃၉၆၂၆၉) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၈၅၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၁၀၈၁၂၆၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ညောင်လေးပင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီးနှင့် Kia Bongo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း တစ်မျိုး ( ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၃၀၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၁၇၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၆၈၆၁၇၆ ကို ဖမ်းဆီး အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၃၅ ပီပါ၊ ဒီဇယ်ဆီ ပီပါ ၅၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၆၁၇၄၄၅) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံ့ဂုဏ်နှင့် အားကစားအဆင့်အတန်း မြင့်မားစေနိုင်သည့် အမျိုးသားအားကစား စွမ်းပကားများ

ကိုရင်မောင်



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြုအားကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက် အားပေးမှုအပေါ်တွင် များစွာတည်ရှိနေသည်ကို အကဲခတ် တွေ့ရှိနိုင်ပါသည်။ ပြည်သူလူထု တစ်ခဲနက်အားပေးကြရန်အတွက် နိုင်ငံတကာအဆင့်မီ အားကစားပြိုင်ကွင်းကြီးများ၊ အားကစားခန်းမကြီးများ၊ လက်ရွေးစင်အားကစားသမားများ၊ ၎င်းတို့၏ တက်ကြွလှုပ်ရှားသည့် အားမာန်များ၊ ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားကြပုံများ၊ အားကစားနည်းစနစ်များ စုံလင်စွာဖြင့် ခင်းကျင်းမှုများအပြင် ပွဲမဝင်ခင်က ကြိုတင်ပြင်ဆင်မှုများ၊ အသိပေးလှုံ့ဆော်မှုများမှာ အထူးအရေးပါသည်ကို မြင်တွေ့နိုင်ပါသည်။

နိုင်ငံတကာအားကစားပြိုင်ပွဲများကို လေ့လာကြည့်လျှင် အားကစားပြိုင်ပွဲကြီးသို့ လာရောက်လေ့လာ ကြည့်ရှုအားပေးနိုင်ရန် အနူးအညွတ်ဖိတ်ခေါ် ခရီးဦးကြိုဆိုပြုထားသည့် စာတန်းများကို တွေ့ရမည်ဖြစ်၍ မည်သူမဆို သွားရောက်ကြည့်ရှုအားပေးလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာမည်မှာ မလွဲသေချာဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း အထင်ကရကျင်းပခဲ့သည့် ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများတွင် အားကစားပြိုင်ပွဲများကို ပြည်တွင်း၊ ပြည်ပမှ တစ်ခဲနက်အားပေးနိုင်ရန် ကြိုဆိုဖိတ်ခေါ် အသိပေးနှိုးဆော်မှုများကို ပြုလုပ်ပေးခဲ့သဖြင့် ကိုယ်တိုင်လာရောက်အားပေးကြသူများအပြင် ကိုယ်တိုင် လာရောက်အားမပေးနိုင်သော်လည်း တီဗွီဖန်သားပြင်မှ တစ်ခဲနက်အားပေးကြသည်ကို တွေ့ရပါသည်။

### ကြည့်ရှုအားပေးခွင့်ရ

ကျွန်တော် ဖြတ်သန်းခဲ့သော ဘဝတစ်လျှောက်တွင် ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲအမျိုးမျိုးကို ကြုံတွေ့ခဲ့ဖူး၊ အားပေးခဲ့ဖူးပါသည်။ အားကစားကဏ္ဍအသီးသီးမှ နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုအမှတ်တရများနှင့် တစ်တိုင်းတစ်ပြည်လုံး ပြည်သူလူထုတစ်ရပ်လုံး တစ်ခဲနက်အားပေးမှုများကို ရင်ထဲအသည်းထဲ လှိုက်လှိုက်လှဲလှဲနှင့် ကြုံခဲ့ဖူးပါသည်။ အားကစားအောင်မြင်မှုများသည် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် ဝမ်းမြောက်ဂုဏ်ယူစရာများပင်ဖြစ်သည်။ အားကစားပြိုင်ပွဲများကို စိတ်ရောကိုယ်ပါ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးချီးမြှောက်ခဲ့ကြသည့် ပြည်သူများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် အားကစားဝါသနာအိုး မဟုတ်သော်လည်း နေပြည်တော်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်စဉ်က ၂၀၁၃ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ၂၀၁၄ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၊ ၂၀၁၅ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်၊ ၂၀၁၈ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးခွင့်ရခဲ့ဖူးသည်။

### အားကစားဖြင့်အကျိုးပြု

လုပ်ငန်းတာဝန်အရ အားကစားပြိုင်ပွဲကြီးများ ကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇေယျာသီရိအားကစားကွင်းနှင့် အားကစားခန်းမကြီးများသို့ ရောက်ရှိသည့်အခါ နိုင်ငံတကာအဆင့်မီ ခမ်းနားထည်ဝါမှုနှင့် စနစ်တကျ ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ထားမှုများကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ခံစားခဲ့ရသည်။ အားကစားပြိုင်ပွဲအသီးသီးတွင် ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ကြသော အားကစားသမားများ၏ တက်ကြွဖွယ်အားမာန်များကို ကိုယ်တိုင်မြင်တွေ့ခဲ့သည်။ ကြီးကျယ်ခမ်းနားလှသည့် အားကစားပြိုင်ပွဲများကို ကိုယ်တိုင်လာရောက်ကြည့်ရှုအားမပေးနိုင်သော်လည်း ဝေးလံသည့်ဒေသ နိုင်ငံတစ်ဝန်းမှ ပြည်သူများနှင့် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံမှ ပြည်သူအများ၏ရှေ့မှောက် တီဗွီဖန်သားပြင်ပေါ်တွင် ယှဉ်ပြိုင်ကြသည့် မြင်ကွင်းများမှာ ယနေ့အချိန်အထိ ရင်ထဲစွဲနေအောင် မှတ်မိနေဆဲ ဖြစ်ကြပေလိမ့်မည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ အားကစားတစ်ဖွဲ့နှင့်တစ်ဖွဲ့ ယှဉ်ပြိုင်ကြသည့်အခါ မိမိနိုင်ငံ၏ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေးကို အားကစားဖြင့် လုပ်ဆောင်ပေးနေခြင်းဖြစ်သည့်အတွက် အားကစားဖြင့် နိုင်ငံတော်ကို အကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

**“ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ထုတ်ဖော်ပြသနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်နေသည်။ အားကစားပြိုင်ပွဲတစ်ခုမှ ပေါ်ထွက်လာသည့် စွမ်းပကားများ၊ အားအင်များ၊ အခွင့်အလမ်းများမှာ အားကစားကဏ္ဍသက်သက် တစ်ခုတည်းသာမဟုတ်ဘဲ တိုင်းပြည်ကောင်းရာကောင်းကျိုး ဖြစ်ထွန်းမှုအမျိုးမျိုးအတွက်လည်း ခွန်အားများဖြစ်စေသည်ကို ဝိုင်းဝန်းညီညာပြသကြရမည်”**

### အားကျဂုဏ်တင်ဖွယ်ရာ

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၆ ခု ဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်မှာတင် မြန်မာနိုင်ငံတော်သီချင်းဖွင့်ပြီး အလေးပြုခဲ့ရသည့် ၈၆ ကြိမ်တိုင် မျက်ရည်ကျသည်အထိ ဝမ်းသာပီတိများနှင့် ဂုဏ်ယူခဲ့ကြရပါသည်။ ဤကဲ့သို့ ဂုဏ်သိက္ခာကို လိုချင်သည့်အတွက် တစ်နှစ်တာပတ်လုံး ငွေကြေးသန်းပေါင်းများစွာ အကုန်အကျခံ စခန်းသွင်းလေ့ကျင့်ပြီး အောင်မြင်မှုရအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ အဆိုပါခံစားမှုများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ကြရသူများသာမက တီဗွီဖန်သားပြင်ပေါ်မှ မြင်တွေ့ကြရသော ပြည်သူအားလုံး၏ ခံစားချက်မှာ တို့မြန်မာဟူသည့် မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သော အားကစားပွဲတော်များ၊ အားကစားပြိုင်ပွဲကြီးများ၏ အထူးခံ့ညား ကြီးကျယ်ခမ်းနားမှုများကို ရင်သပ်ရှုမောဖွယ်၊ တက်ကြွလန်းဆန်းဖွယ် ရှုမြင်ရသောအခါ နိုးကြားတက်ကြွသော၊ မလျှော့သောဇွဲလုံ့လ၊ စွဲမြဲသော ဝီရိယ၊ အားကျစရာကောင်းသော ကြိုးပမ်းမှုအစုစုတို့အတွက် များစွာအတုယူ မှတ်သားဂုဏ်တင်စရာများပင်ဖြစ်သည်။

### အားကစားစိတ်ဓာတ်

အားကစားစိတ်ဓာတ်သည် လွန်စွာအရေးကြီးပါသည်။ လူတိုင်းလူတိုင်းဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ဖူးကြပါလိမ့်မည်။ အားကစားစိတ်ဓာတ်အပြည့်အဝရှိသူ၊ အားကစားကို အပြည့်အဝအားပေးသူ တစ်ယောက်အနေဖြင့်ဆိုလျှင် မည်သည့် အခက်အခဲပင် တွေ့ကြုံရသည်ဖြစ်စေ အားကစားမှ ပေးစွမ်းခဲ့သော အနိုင်မခံ အရှုံးမပေးလိုသည့်စိတ်ဓာတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်များဖြင့် ရင်ဆိုင်ကျော်ဖြတ်သွားနိုင်သည့် စိတ်ဓာတ်မျိုးကို အားကစားမှ ရရှိနိုင်မည်ဖြစ်ပါသည်။ အားကစားဆိုင်ရာခံယူချက်အမျိုးမျိုးရှိသည့်အနက် **“အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နေခြင်းဖြစ်ပါသည်”** ဟူသောအချက်သည် အမြင့်မားဆုံးခံယူချက်ဟု ဆိုချင်ပါသည်။

### နိုင်ငံ့ဂုဏ်လူမျိုးဂုဏ်မြှင့်တင်

အားကစားသည် သာမန်အားဖြင့်ကြည့်လျှင် အသေးအဖွဲကိစ္စဟု ထင်ရသော်လည်း နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့်တစ်ခု၊ အဖွဲ့အစည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့ ယှဉ်လာသည့်အခါတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ပေါက်ဖွားလာစေပြီး ပြည်သူတစ်ရပ်လုံး တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖြစ်သွားစေသည့်အရာဖြစ်၍ အားကစား၏ စွမ်းပကားသည် ကြီးကျယ်မြင့်မားလှပါသည်။ တစ်ချိန်သောကာလက ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၊ သုဝဏ္ဏအားကစားပြိုင်ကွင်းတို့တွင် ကျင်းပခဲ့ပါသည်။ ရန်ကုန်မြို့တစ်ခွင်အားပေးခဲ့ကြသည့် ပြည်သူလူထုကြီး၏ တစ်ခဲနက်အားပေးမှုများမှာ ဘဝဂ်ထိညံ့ သိမ့်သိမ့်တုန်ဟည်းခဲ့ပါသည်။ ပြည်သူလူထုကြီး၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းပကားများမှာ ရွှေရောင်တောက်ပခဲ့ပြီး နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ဖော်ဆောင်ပေးနိုင်ခဲ့သည်။

### အဆင့်အတန်းမီအားပေးနိုင်

မျက်မှောက်ကာလတွင် နိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ ဇမ္ဗူသီရိမြို့နယ်တွင် ပရိသတ် ၃၀၀၀၀ ကျော် ဝင်ဆံ့သည့် ဘက်စုံသုံး ခေတ်မီ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးကို တည်ဆောက်ပေးထားပြီး ပြည်တွင်း၊ ပြည်ပ ဘောလုံးအားကစားပြိုင်ပွဲများနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။ အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင်လည်း နိုင်ငံတကာအဆင့်မီ ဇေယျာသီရိ တပ်မတော်အားကစားကွင်းကြီးကို တည်ဆောက်ပေးထားပြီး အဆိုပါခေတ်မီအားကစားကွင်းကြီးများတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၊ အာဆီယံအားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ကျောင်းသားအားကစားပွဲတော်များနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို အဆင့်အတန်းမီမီ ယှဉ်ပြိုင်အားပေးကြည့်ရှုနိုင်ကြပြီဖြစ်သည်။

### အားကစားနည်းစုံပါဝင်

ခမ်းနားထည်ဝါပြီး နိုင်ငံတကာအဆင့်မီသည့် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို *စာမျက်နှာ ၁၇ သို့*

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်နယ်ကိုယ်စားပြု အားကစားသမားများလေ့ကျင့်နေမှုကြည့်ရှု

**တောင်ကြီး နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၆ ရက် ၈ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၊ ပြည်နယ်အားကစားလေ့ကျင့်ရုံတို့တွင် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြုအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ရှမ်းပြည်နယ်ကိုယ်စားပြု အသင်းမှ အမျိုးသား၊ အမျိုးသမီးဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ အမျိုးသားဘတ်စကက်ဘော၊ အမျိုးသား၊ အမျိုးသမီးတင်းနစ်၊ စားပွဲတင်တင်းနစ်၊ ဝူရှူး၊ ဗိုဗီနမ်၊ မြန်မာ့သိုင်း၊ လက်ဝှေ့၊ ကရာတေး၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ကာယဗလ၊ ကိုယ်ကာယကြံ့ခိုင်မှု၊ ဘိလိယက်နှင့် စနူကာအားကစားသမားများကို ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကား ပြောကြားရာ ရှမ်းပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရသည့်အတွက် အောင်မြင်မှုရရှိနိုင်အောင် အသိစိတ်များထားရှိရန်၊ အားကစားသမားများ၊ နည်းပြများ၊ အသင်းအုပ်ချုပ်ကြီးကြပ်သူများကလည်း အရေးကြီးကြောင်း၊ အားကစားစိတ်ဓာတ်ဖြင့် အောင်နိုင်လိုစိတ်ထားရှိရန် လိုအပ်ကြောင်း၊ အားကစားသမားများသည် ကျန်းမာရေး၊ အိပ်ချိန်၊ အစားအသောက်နှင့် လေ့ကျင့်မှုများကို ဂရုစိုက်ကြရန် လိုအပ်ကြောင်း၊ အောင်နိုင်လိုစိတ်ထားရှိပြီးကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် အားကစားသမားများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ အားကစားသမားများက လက်ခံရယူကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အားကစားသမားများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆိပ်ကမ်းသာလမ်း၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ထားဝယ် နိုဝင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်သူနာပြုသင်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်း၊ ကတ္တရာလမ်းခင်းခြင်း၊ ထပ်ပိုးကတ္တရာခင်း



ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထားဝယ်သူနာပြုကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများ၊ လျှောက်လမ်းနှင့် သင်တန်းခန်းမကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ထားဝယ်လေဆိပ်၌ လေယာဉ်ကွင်းပြေးလမ်းအားကြည့်ရှုစစ်ဆေးပြီး ပြေးလမ်းတစ်လျှောက်နှင့် ပြေးလမ်းဝဲယာ သန့်ရှင်းသပ်ရပ်လှပစေရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ကြက်စားပြင်ရပ် ဆိပ်ကမ်းလမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးအထိ ကတ္တရာလမ်းချဲ့ခြင်းနှင့် ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးနှင့် အောင်တံခွန်ငါးဈေးအကြား ကတ္တရာလမ်းချဲ့ခြင်းနှင့်ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းချဲ့ရာတွင် မလွတ်ကင်းသော လမ်းမီးတိုင်များကို နောက်သို့ ရွှေ့ပြောင်းပေးကြရန်နှင့် ဆိပ်ကမ်းလမ်းမှတစ်ဆင့် ပေါက်တိုင်းအထိ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ အောင်တံခွန်ငါးဈေးအနီး ဆိပ်ခံတံတားတည်ဆောက်ခြင်း ချဉ်းကပ်လမ်းနှင့် လွင်ပြင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အောင်တံခွန်ငါးဈေးတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။ **(ဝဲပုံ)**

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ် VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျောက်ပုံ(တ) ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောက်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၅ ရက်က မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကျောက်ပုံ(တ) ကျေးရွာတွင် အရှည် ၄၅၈ ပေ၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ပုံ(တ)ကျေးရွာရှိ အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၁၉၅ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

*စာမျက်နှာ ၁၆ မှ*

စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ သွားရောက်ကြည့်ရှုအားပေးခွင့်မရခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော နိုင်ငံတကာအဆင့်မီ အားကစားကွင်းကြီးနှင့် အဆင့်အတန်းမြင့်မားသော အားကစားပြိုင်ပွဲများကို ကြည့်ရှုခွင့်ရတော့မည်ဖြစ်သည်။

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘော အားကစားနည်းခြောက်မျိုးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်၊ စနူကာ၊ လက်ဝှေ့၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ ခရစ်ကက်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင် တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူး စသည့် အားကစားနည်း ၂၃ မျိုး ထည့်သွင်း ကျင်းပသွားမည်ဖြစ်ပြီး အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိသည်။

## အခွင့်အလမ်းကောင်းများ

ယခုကျင်းပမည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှတစ်ဆင့် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကြီးပြီးသည့်အခါတွင် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက် ကိုယ်စားပြုပြီး စွမ်းစွမ်းတမံ ပါဝင်ယှဉ်ပြိုင်ကြကာ ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးအပ်ခြင်း စသည့်အစီအစဉ်များဖြင့် အားပေးမြှင့်တင်သွားမည်ဟု သိရသည်။

## အောင်မြင်မှုသက်သေထူ

ထို့ပြင် ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ထုတ်ဖော်ပြသနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်နေသည်။ အားကစားပြိုင်ပွဲတစ်ခုမှ ပေါ်ထွက်လာသည့် စွမ်းပကားများ၊ အားအင်များ၊ အခွင့်အလမ်းများမှာ အားကစားကဏ္ဍသက်သက်တစ်ခုတည်းသာ မဟုတ်ဘဲ တိုင်းပြည်ကောင်းရာကောင်းကျိုး ဖြစ်ထွန်းမှုအမျိုးမျိုးအတွက်လည်း ခွန်အားများဖြစ်စေသည်ကို ဝိုင်းဝန်းညီညာ ပြသကြရမည်ဖြစ်သည်။ အားကစားကဏ္ဍတွင် ကမ္ဘာတစ်လွှားမှ ရှားမှရှားပြိုင်စံရှားသော နိုင်ငံကြီးများအဖြစ် မီးရှူးတန်ဆောင်သဖွယ် တည်တံ့ဖြစ်ထွန်းနေသော နိုင်ငံများသည် အခြားကဏ္ဍအသီးသီးတွင်လည်း တိုးတက်အောင်မြင် ဖြစ်ထွန်းမှုအမျိုးမျိုး ရရှိနေသည်ကို သက်သေသာဓကအဖြစ် မြင်တွေ့နိုင်ပါသည်။

## ခွန်အားများတဖွားဖွား

ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးကိုလည်း အားကစားကဏ္ဍတွင် အောင်မြင်ဖြစ်ထွန်းပြီး အဘက်ဘက်တွင်လည်း အောင်မြင်နေသည့် ကမ္ဘာ့ထိပ်သီး နိုင်ငံကြီးများကဲ့သို့ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူမျိုး၏ အားကစားအဆင့်အတန်း အောင်မြင်ဖြစ်ထွန်းမှုများကို ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှတစ်ဆင့် ထုတ်ဖော်ပြသရမည်ဖြစ်သည်။ စွမ်းရည်ပြည့်ဝကျင့်သားရနေပြီဖြစ်သော မြန်မာအားကစားသမားများ၏ ရေကုန်ရေခန်း ကြိုးပမ်းအားထုတ်မှုများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်အားပေးမှုများသည် နိုင်ငံ့ဂုဏ်နှင့် အားကစားအဆင့်အတန်းမြင့်မားစေနိုင်သည့် အမျိုးသားအားကစားစွမ်းပကားများ၊ အားကစားနှင့်ဆက်နွှယ်၍ အောင်မြင်ဖြစ်ထွန်းမှုများနှင့် ကြီးပွားတိုးတက်အဆင့်အတန်းမီလာသည့်ခွန်အားများ တဖွားဖွား ဖြစ်ပေါ်လာမည်ဟု ယုံကြည်မိပါကြောင်း။ ။



မနောလှတောင်ခြေတွင် နိုဝင်ဘာ ၁၅ ရက်က အသစ်ဖွင့်လှစ်ထားသည့် အဖေ့သိုးခြံနှင့် ဆောင်းရာသီ မြင်ကွင်းအလှ။ ဓာတ်ပုံ - တင်စိုးအောင်(ကလော)

**"ကလောမှာဆိုရင် မနောလှတောင်က မသိတဲ့သူ မရှိသလောက်ပါပဲ။ ဒီနေရာလေးက သွားလာရတာ အချက်အချာလည်းကျတယ်။ အိုးစည်တောင် အနောက်ဘက်လမ်းကနေလာရင် အဖေ့ခြံကိုရောက်တယ်။ အိုးစည်တောင်ပေါ်ကနေလည်း ကြည့်လို့မြင်ရတယ်။ ဒီထဲမှာ စတော်ဘယ်ရီစိုက်ခင်းတွေလည်း အများကြီး။ ဆောင်းတွင်းနဲ့ နွေရာသီဆို အဖေ့ခြံက ပိုပြီးလှတယ်"**

# အေးမြတဲ့ဆောင်းရာသီမှာ ကလောမြို့ကို သွားလည်ကြမယ်

ယဉ်လာဒ်

**အေးချမ်းသာယာလှပတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်တဲ့ ကလောမြို့လေးကို ဆောင်းရာသီကာလမှာ လာရောက်လည်ပတ်နိုင်ကြစေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။**


၁၂ လရာသီမရွေး လည်ပတ်လို့ကောင်းတဲ့မြို့တော်ဖြစ်ပြီး ခရီးသွားမြို့တော်လို့ တင်စားကြတဲ့ ကလောမြို့လေးမှာ ခရီးသွား ဧည့်သည်တွေအတွက် လည်ပတ်နိုင်တဲ့ နေရာသစ်တွေကို ရင်းနှီးမြှုပ်နှံသူတွေက ဖော်ထုတ်လာခဲ့ကြပါတယ်။ တချို့တွေကတော့ အပန်းဖြေရိပ်သာတွေကို ဖွင့်လှစ်လာခဲ့ကြပါတယ်။ ပြည်တွင်းခရီးသွားတွေရဲ့ စိတ်ဝင်စားမှုကို လျှော့ကျမသွားရအောင် လည်ပတ်စရာနေရာသစ်တွေနဲ့ ထပ်ထပ်တိုး ဆွဲဆောင်လာခဲ့ကြတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လည်း ပွင့်လင်းရာသီ ရောက်ရင် ခရီးသွားတွေရဲ့စိတ်ကို အမြဲဆွဲဆောင်မှုရရှိတဲ့ နေရာဟာ ကလောမြို့ပဲ ဖြစ်ပါတယ်။ နိုဝင်ဘာ ၉ ရက်က ကလောမြို့ရဲ့ မြင်းကရွာ (Kalaw Villa) ထဲမှာ လေပြေလေို့ အမည်ရှိတဲ့ အပန်းဖြေရိပ်သာ(Vacation Home) သစ်တစ်ခုကို ထပ်မံဖွင့်လှစ်လိုက်ပါတယ်။

**လုံးချင်းအပန်းဖြေအိမ်ပုံစံမျိုးလေးတွေ**

အများအားဖြင့် ကလောမြို့လေးကို လာလည်ကြတဲ့သူတွေထဲမှာ မိသားစုလိုက် အပန်းဖြေလာရောက်တာရယ်၊ မိတ်ဆွေ အပေါင်းအသင်းများနဲ့ လာရောက်လည်ပတ်ကြတာမို့ အခုလိုမျိုး လုံးချင်းအပန်းဖြေအိမ်ပုံစံမျိုးလေးတွေကို တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်လို့ ပိုင်ရှင် ဒေါ်အေးသီရိအောင်က ပြောပါတယ်။

နှစ်ထပ် လုံးချင်းတိုက်အိမ်လေးမှာ ခုနစ်ယောက်လောက် နေလို့ရနိုင်ပြီး သုံးယောက်ခန်း တစ်ခန်းနဲ့ နှစ်ယောက်ခန်း နှစ်ခန်းရှိတဲ့ လုံးချင်းအိမ် တစ်ညတည်းခိုခကို ငွေကျပ် ၁၈၀၀၀၀ ကျသင့်မှာ ဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ မီနီဂေါက်ကွင်းလေးလည်း ထည့်ပေးထားပါတယ်။



ထင်းရှူးရိပ်နဲ့တောင်တက်လမ်း

ဒါ့ပြင် ကလောမြို့ရဲ့သဘာဝကို မှီခိုပြီး ဓာတ်ပုံရိုက်လို့ကောင်းတဲ့ ရှုခင်းတွေကို ဖန်တီးလာကြတာ အခုဆိုရင် ကလောမြို့မှာ နေထွက်ချိန်နဲ့ နေဝင်ဆည်းဆာကြည့်လို့ရတဲ့ ဓာတ်ပုံရှုခင်း အသားပေးနေရာတွေ ဖော်ဆောင်ထားတဲ့ နေရာ ၃၀ နီးပါးလောက် ရှိလာပြီ ဖြစ်ပါတယ်။ ဒီအထဲကမှ ကလောမြို့ရဲ့ လှူသိများလှတဲ့ မနောလှတောင်ခြေမှာ အဖေ့သိုးခြံအမည်ရှိတဲ့ ဓာတ်ပုံ အသားပေးရိုက်ကူးနိုင်တဲ့ (Photo Site) အသစ်တစ်ခုကိုလည်း နိုဝင်ဘာ ၁၅ ရက်မှာ ထပ်မံဖွင့်လှစ်လိုက်ပါတယ်။

**အဖေ့သိုးခြံ**

"အဖေ့ခြံကနေ ၁၀ မိနစ်ခန့် လမ်းလျှောက်မှသာ အဖေ့သိုးခြံကို ရောက်ရှိပါတယ်။ အခုကတော့ နိုင်ငံခြားမျိုး သိုး ၁၀ ကောင် မွေးထားပါတယ်။ အဖေ့သိုးခြံကနေ မြင်ရတဲ့မြင်ကွင်းတွေက အလွန်ကို လှပသာယာပါတယ်။ မြင်းမထိဘက် ထိမြင်ရတယ်။ မြင်းကဘက်ကိုလည်း မြင်ရတယ်။ ဒီကနေကြည့်ရင် ရှုခင်းအရမ်းလှတယ်" လို့ အဖေ့သိုးခြံ ပိုင်ရှင်ဖြစ်သူက ပြောပြပါတယ်။

**မနောလှတောင်ခြေ အဖေ့ခြံ**

ဝင်ကြေးအနေနဲ့ လူတစ်ဦးကို ကျပ် ၃၀၀၀ ကောက်ခံမှာဖြစ်ပြီး ညအိပ်တည်းခိုလိုပါက ရွက်ဖျင်တဲနဲ့ ညအိပ်လို့ရအောင် စီစဉ်ပေးထားပါတယ်။ မနောလှတောင်ခြေအောက်မှာ ဖော်ဆောင်ထားတဲ့ အဖေ့ခြံမှာဆိုရင် ပန်းမျိုးစုံကို စိုက်ပျိုးထားသလို ကော်ဖီပင်ပေါင်း ၃၀၀၀ ကျော်ကိုလည်း စိုက်ပျိုးထားပါသေးတယ်။ ဆောင်းရာသီအလှနဲ့ တွဲဖက်ပြီး ခရီးသွားအများစုက ဓာတ်ပုံလာရောက်ရိုက်ကူးကြတာ ဖြစ်ပါတယ်။

ကလောမြို့ရဲ့ တောတောင်သဘာဝရှုခင်းတွေနဲ့ အမှတ်တရဓာတ်ပုံလှလှရိုက်ကူးလို့ကောင်းတဲ့ နေရာတွေထဲက ဆိုရင် ရှန်ဘာလာ ကလော ရေယောင်းမ၊ သီရိစန္ဒာ အပန်းဖြေစခန်း၊ City View၊ မနောလှ၊ သိမ်တောင်၊ Hill top Villa၊ Kalaw View point၊ Kalaw Cafeyard၊ အိုးစည်တောင်၊ ဗျိုက်တောင်၊ ပင်းတယ–ရွှာငံအသွားလမ်း၊ မြင်းမူကုန်း စတဲ့ နေရာတွေကို ကလောမြို့ကိုရောက်ဖူးတဲ့ ခရီးသွားဧည့်သည်တိုင်း တခုတ်တရ သွားရောက်လည်ပတ်ကြတဲ့ အထင်ကရနေရာတွေ ဖြစ်ပါတယ်။

**တိမ်တောင်ပေါ်ကဆည်းဆာ**

ဒါ့ပြင် ကလောမြို့ရဲ့ ညနေဆည်းဆာအလှကို သိမ်တောင်ပေါ်ကနေ ကြည့်ရတာက အလွန်ပဲလှပပြီး ကလောတစ်မြို့လုံးကို အပေါ်စီးကနေ ကြည့်လို့ရတဲ့ နေရာတစ်ခုဖြစ်ပါတယ်။



ကလောမြို့တောင်ပေါ်ရှုခင်းများ

"ကလောမှာဆိုရင် မနောလှတောင်က မသိတဲ့သူမရှိသလောက်ပါပဲ။ ဒီနေရာလေးက သွားလာရတာ အချက်အချာလည်းကျတယ်။ အိုးစည်တောင်အနောက်ဘက်လမ်းကနေလာရင် အဖေ့ခြံကိုရောက်တယ်။ အိုးစည်တောင်ပေါ်ကနေလည်း ကြည့်လို့မြင်ရတယ်။ ဒီထဲမှာ စတော်ဘယ်ရီ စိုက်ခင်းတွေလည်း အများကြီး။ ဆောင်းတွင်းနဲ့နွေရာသီဆို အဖေ့ခြံက ပိုပြီးလှတယ်"လို့ ကလောဒေသခံ ကိုတင်စိုးအောင်က ပြောပြပါတယ်။

အမြဲတမ်း အသစ်အသစ်တွေနဲ့ ဆွဲဆောင်ထားတဲ့ ထင်းရှူးရနံ့တွေနဲ့ ပန်းသင့်လှတဲ့ ထင်းရှူးမြို့တော်ကို ဆောင်းရာသီကာလမှာ သွားရောက်လည်ပတ်နိုင်စေဖို့ ခရီးသွားချစ်သူတို့အတွက် ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ပါတယ်။

# မှော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှပဒါး ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူ ၁၄၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါအိမ်ရာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၁၁၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရိပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့ရှိ စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။



ထိုသို့ တက္ကသိုလ်များနှင့် စာသင်ကျောင်းများ ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စိုက်မွေးရပ်ကွက်ရှိ တိုက်နယ်ဆေးရုံ၌ လည်းကောင်း နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်သို့ လာရောက်ကြည့်ရှုသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပရာ လာရောက်အားပေးကြည့်ရှုသူများပြားကြောင်းနှင့် ပျော်ရွှင်ဖွယ်ဆင်စီးသူများနှင့် ပွဲတော်ရက်အတွင်း အထူးစည်ကားကြောင်း သိရသည်။

ပွဲတော်တွင် MSME လုပ်ငန်းများနှင့်ဆက်စပ်သည့် ဈေးဆိုင်ခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အထူး Promotion အနေဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ငါးနှင့်ငါးထွက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမှု၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ရောင်းချသည့်ဆီများကိုလည်း ဝယ်ယူသူများဖြင့် စည်ကားသည်။ ထို့ပြင် မီးပုံးပျံလွှတ်တင်မှုနှင့်အတူ အလှဆင်မီးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ သီတာထွန်းအမည်ရှိ ဆင်မကြီးနှင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ ဆင်စီးခြင်းများဖြင့် ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

**အောင်ကျော်(ပြန်/ဆက်)**




■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှင်း နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှင်း)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှင်းမြို့ ၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန /အဖွဲ့အစည်းများတွင် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။




၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme- PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှု ရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့ မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်**

## ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ပညာသင်နှစ် နေ့သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ပခုက္ကူ နိုဝင်ဘာ ၁၆**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘွဲ့ကြိုတန်းများ၊ ဘွဲ့လွန်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ကျောင်းသားရေးရာဌာန၌ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါနေ့သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၄ ရက်မှစတင်၍ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပွင့်ဖြူမြို့နယ်၌ မိုးစပါးနှင့် အခြားမိုးသီးနှံ အထွက်နှုန်းကောင်းမွန်ရေးအတွက် မဲဇလီရေလွှဲဆည်မှ သီးနှံအောင်ရေများ အလုံအလောက်ဖြန့်ဝေပေးလျက်ရှိ

**ပွင့်ဖြူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံစေရေးအတွက် စိုက်ပျိုးထားရှိသော မိုးစပါးနှင့် အခြားမိုးသီးနှံ စိုက်ခင်းများ သီးနှံအထွက်နှုန်း ကောင်းမွန်စေရန် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်း မြောင်းမကြီးတို့မှ တစ်ဆင့် သီးနှံအောင်ရေများ အပြည့်အဝ ရယူသုံးစွဲနိုင်ရန် စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။




“ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေရန် ရည်ရွယ်ပြီးတော့ ဒေသခံတောင်သူတွေက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး မိုးစပါးနဲ့ အခြားမိုးသီးနှံ စုစုပေါင်း ၁၂၈၆၃၃ ဧက စိုက်ပျိုးဆောင်ရွက်ပါတယ်။ ဒီနှစ်မှာ မိုးရွာသွန်းမှုကလည်း ကောင်းခဲ့လို့ တောင်သူတွေ အားထားစိုက်ပျိုးတဲ့ မိုးသီးနှံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှု ရှိပါတယ်။ ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကလည်း တောင်သူတွေ စိုက်ပျိုးထားတဲ့ မိုးစပါးအပါအဝင် အခြားမိုးသီးနှံ စိုက်ခင်းတွေကို သီးနှံအထွက်နှုန်းများ ကောင်းမွန်ဖို့အတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်း မြောင်းမကြီးနဲ့ မြောက်မုန်း မြောင်းမကြီး တို့မှတစ်ဆင့် သီးနှံအောင်ရေ အပြည့်အဝ ရရှိအောင် စနစ်တကျဖြန့်ဝေ ဆောင်ရွက် ပေးထားပါတယ်။ နောက်ပြီး ဆည်ရေလေလွင့် ဆုံးရှုံးမှု မဖြစ်စေဖို့အတွက် ကျေးရွာတွေမှာ ဖွဲ့စည်းထားတဲ့ ရေအသုံးချသူများအဖွဲ့ (WUG) များနဲ့ ပူးပေါင်းပြီး တောင်သူတွေကို သီးနှံအောင်ရေ စနစ်တကျ ရယူသုံးစွဲတတ်အောင် ကွင်းဆင်းဆောင်ရွက် နေပါတယ်”ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းက ပြောသည်။

ပွင့်ဖြူ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ နှံစားပြောင်း စသည့် သီးနှံများကို စီးပွားဖြစ် အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ထိုသို့ စိုက်ပျိုးရာ၌ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အပြည့်အဝ ရယူသုံးစွဲနိုင်အောင် စနစ်တကျ ဖြန့်ဖြူးပေးဝေသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## ဆိပ်ဖြူမြို့နယ်တွင် ကျောင်းသား ကျောင်းသူလေးများ ပန်းချီပြပွဲပြသ

**ဆိပ်ဖြူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပန်းချီဝါသနာရှင် ဆရာများ ပူးပေါင်းဖွင့်လှစ်လေ့ကျင့်သင်ကြားပေးသည့် ကျောင်းသား ကျောင်းသူလေးများ ရေးဆွဲသည့် ဆေးရောင်စုံပန်းချီပြပွဲကို နိုဝင်ဘာလ ၁၄ ရက်နှင့် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဆိပ်ဖြူမြို့ ရွှေမင်းဝန်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်၌ ဘုရားပွဲတော်လာ ပြည်သူများအား ခင်းကျင်းပြသသည်။

အဆိုပါ ပန်းချီပြပွဲကို ကျောင်းသား ကျောင်းသူလေးများ၏ ပန်းချီပညာရပ်ကို ဝါသနာအရင်းခံ ကြိုးစားသင်ယူရေးဆွဲနေမှု၊ ကျောင်းသားကျောင်းသူလေးများ ရေးဆွဲထားသော ပန်းချီကားများကို မိဘပြည်သူများ လေ့လာဆောင်ရွက်နိုင်စေရန်နှင့် ပန်းချီပညာရပ် ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်သည်။



**ကိုဇွဲ (အညာမြေ)**

# ပြည်သူများသို့ အသိပေးကြေညာချက်

လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သည့် လဝကရုံး (ဟစ်တိုင်) ဟု အမည်ပေးထားသော Facebook Group တွင် ပွဲစားများနှင့် ချိတ်ဆက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား (အတ)၊ Unique ID (UID) အတုများဖြင့် နိုင်ငံကူးလက်မှတ် လျှောက်ထား ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ လုံခြုံရေးကို များစွာထိခိုက်စေသဖြင့် ဝန်ကြီးဌာနမှ ယင်းဖြစ်စဉ်အား စစ်ဆေးဖော်ထုတ်ခဲ့ရာ Jack But Jaxk အကောင့် ပိုင်ရှင် ချစ်မင်းခိုင်ပါ (၃) ဦးအား သင်္ဃန်းကျွန်းမြို့မရဲစခန်းတွင်လည်းကောင်း၊ Aent Hmue အကောင့်ပိုင်ရှင် အံ့မှူးပါ (၁၁) ဦးအား မင်္ဂလာဒုံမြို့မရဲစခန်းတွင်လည်းကောင်း၊ ရဲထက်စိုးပါ (၅) ဦးအား မြဝတီမြို့မရဲစခန်းတွင်လည်းကောင်း၊ သန့်ဇင်ထွန်းအား အင်းစိန်မြို့မရဲစခန်း၊ အောင်သူထက်အား စမ်းချောင်းမြို့မရဲစခန်း၊ ခင်မောင်ကျော်အား မော်လမြိုင်မြို့မရဲစခန်းနှင့် ထက်မြတ်အောင်အား ဒလမြို့မရဲစခန်းတွင်လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအမှုဖွင့်လှစ် ဆောင်ရွက်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ရုံးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများ၏ မသိနားမလည်မှုအပေါ် အခွင့်ကောင်းယူ၍ ငွေကြေးရယူ အမြတ်ထုတ်သူများအား ထိရောက်စွာ ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ်ရယူလိုသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝက မြို့နယ်ရုံးများတွင် မိမိကိုယ်တိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်အတူ လူကိုယ်တိုင် သွားရောက်၍ အခကြေးငွေ ကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာအခက်အခဲများရှိပါက အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးခွတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင် နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသောငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊
- ❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံး ပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများ ထားရှိပါရန်၊
- ❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင် ရေထွက် ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာ ပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန် စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊
- ❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာ စနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း) များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီး ဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက် ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့် ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း (ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည် မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များထည့် သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်) များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/1251 Toyota UTEACE CM 75 ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်လင်း ၅/စကန(နိုင်)၁၂၃၇၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဈယ/၆၃၁၆၁ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၉/ပမန(နိုင်)၀၉၅၉၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဇယ/၆၉၄၁၆ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသန္တာကျော် ၈/တတက(နိုင်)၁၄၆၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် B-၉၊ ၅၁x၅၂ကြား၊ ၃၀ x ၃၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝင်းမော်မော် ၉/မရမ(နိုင်)၀၅၇၉၆၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက် ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ၊ ကွင်းအမှတ်- ၆၆၂^A၊ ကွင်းအမည် - အင်းကောက်ကွင်း၊ ဦးပိုင်အမှတ် $N_{၄/၁}$၊ မြေအမျိုးအစား - ဥယျာဉ်ခြံမြေ (N) ဖြစ်သည့် အပိုင်ရောင်းချသူ ဦးအောင်အောင်ဇော် အမည်ပေါက် ပြေစာထွက်ရှိထားသော ဧရိယာ (၅ ဒသမ ၆၉) ဧက အနက် ဧရိယာ (၂ ဒသမ ၆၉) ဧက အကျယ်ပမာဏရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို မြေခွန်ပြေစာအမည်ပေါက်ရရှိထားပြီး ဝယ်ယူလက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်အောင်ဇော် ၁၂/ရပသ(နိုင်)၀၃၆၈၆၈ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမျိုးဝင်း ၁၀/ ပမန(နိုင်)၁၀၆၆၅၂က ၁၀-၁၁-၂၀၂၄ရက်တွင် မြေကွက်အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်ချုပ်ဆို၍ ရောင်းကြေးငွေ အပြေအကျေပေးချေကာ ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်သူဇာလွင်LL.B,D.B.L** | **ဒေါ်သန္တာလှိုင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၃)** |
| **အမှတ်(၁၃)ဉာဏလမ်း၊ကေရာဇ်** | **အောက်ချိုင်းကျေးရွာ၊ လှည်းငုတ်ချောင်း** |
| **ရပ်ကွက်၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံ** | **ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊** |
| **မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** | **ဖုန်း-၀၉-၂၆၀၀၁၀၀၇၈** |
| **ဖုန်း-၀၉-၅၄၁၃၈၁၁** | |

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ၊ ကွင်းအမှတ် - ၆၆၂^A၊ ကွင်းအမည် - အင်းကောက်ကွင်း၊ ဦးပိုင်အမှတ် $N_{၄/၁}$၊ မြေအမျိုးအစား-ဥယျာဉ်ခြံမြေ (N) ဖြစ်သည့် အပိုင်ရောင်းချသူ ဦးအောင်အောင်ဇော် အမည်ပေါက် ပြေစာထွက်ရှိထားသော ဧရိယာ (၅ဒသမ၆၉) ဧက အနက် ဧရိယာ (၃) ဧက အကျယ်ပမာဏရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေခွန်ပြေစာ အမည်ပေါက်ရရှိထားပြီး ဝယ်ယူလက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးအောင်အောင်ဇော် ၁၂/ ရပသ(နိုင်)၀၃၆၈၆၈ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်သူဇာလွင်LL.B,D.B.L** | **ဒေါ်သန္တာလှိုင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၃)** |
| **အမှတ်(၁၃)ဉာဏလမ်း၊ကေရာဇ်** | **အောက်ချိုင်းကျေးရွာ၊ လှည်းငုတ်ချောင်း** |
| **ရပ်ကွက်၊ ထောက်ကြန့်မြို့ ၊ မင်္ဂလာဒုံ** | **ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊** |
| **မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** | **ဖုန်း-၀၉-၂၆၀၀၁၀၀၇၈** |
| **ဖုန်း-၀၉-၅၄၁၃၈၁၁** | |

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် စ-၁၊ ဦးပိုင်အမှတ် (၈၇-ခ)၊ (၁၀၇x၁၀၈)ကြား၊ (၆၇x၆၈) လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးမြတ်သူထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၃၄၀၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဒေါ်နန်ရှန်စု ၁၃/ကခန(နိုင်)၀၇၁၀၁၉က အမှုတွဲအမှတ် (၄၉၆၇/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၂လမ်းသွယ်(၁)၊ အမှတ် (၄၂/ခ) ဟုခေါ်တွင်သော ( ၁ ) ခန်းတွဲ ( ၃ )ထပ်တိုက်မှ တတိယထပ်၊ (၄)လွှာ၊ အကျယ်အဝန်း (၁၂ ပေ x ၅၀ပေ)ရှိ တိုက်ခန်းအား လက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာလာ (MYGN – 041954 )ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးချစ်လှိုင် ၁၂/လမန(နိုင်)၁၇၁၃၉၉ ) က ၄-၁၁-၂၀၂၄ ရက်စွဲပါ နေထိုင်ခွင့်နှင့်တကွ တိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်လက်ရောက် ဝယ်ယူပိုင်ဆိုင်၍ ၎င်းတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက စီမံခန့်ခွဲလျက်ရှိပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးထက်နောင်လှိုင်(L.L.B, DIL)၊**
**အထက်တန်းရှေ့နေ (စဉ် – ၄၃၄၈၁)**
**အမှတ်(၈၆၈)၊ (၃)လွှာ၊ ခေါင်းရင်းခြမ်း၊ (၂)လမ်း ၊(၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း – ၀၉-၄၀၃၉၈၉၄၇၄**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကိုလက်ရှိထားပိုင်ခွင့်၊လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေ လုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူ လုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှ စတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၄၁၄-ဂ၊ ဦးပိုင်အမှတ် ၅၉၊ ၆၀ လမ်း၊ ၃၄x၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှလှမြင့် ၉/မရမ(နိုင်)၀၂၆၁၂၁ ၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၆၈/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းရွှေ ၁၃/မဖန(နိုင်)၀၀၂၆၈၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၈၊ ဦးပိုင်အမှတ် (၁၇)၊ ၃၉x၄၀ကြား၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရှင်စစ်ချမ်း(ခ)သန်းထိုက် ၉/မရမ(နိုင်)၀၈၀၈၃၆က အမှုတွဲအမှတ် (၄၉၅၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၉၊ ဦးပိုင်အမှတ် (၁၆)၊ ၅၄x၅၅ကြား၊ ၃၉x၄၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိမိနိုင် ၉/ခအဇ (နိုင်)၀၀၁၄၆၄က အမှုတွဲအမှတ် (၄၉၃၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၂၂)**

**မဟာအောင်မြေခရိုင်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၀၁**

ဦးဝမ်ကင်းရီ နှင့် ဗိုလ်ကြီးဝင်းဌေး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးအေးကျော်)

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ၂၆ လမ်း၊ ၈၆ x ၈၇ လမ်းကြားနေ ဗိုလ်ကြီးဝင်းဌေး (ဘ) ဦးမောင်နီ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးအေးကျော် (ဘ) ဦးကြည်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅ တွင်ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ ၆ ရက် နံနက် ၁၀:၀၀ နာရီတွင် ဤရုံးတော် ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**ခရိုင်တရားသူကြီး**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃-က၊ အပိုင်း-၄၊ ဦးပိုင်အမှတ် ၃၀/၃၆x၃၇ကြား၊ ၇၀x၇၁ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးအောင်မိုကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်မျိုး ၉/မရတ(နိုင်)၀၇၂၄၇၂က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

